မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၆၂)

တပေါ့စ တော်မင်္ဂလ မုတ္တမံ

ငြိမ်းချမ်းစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ရင်းနှီးစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရင်းနှီးစွာဆွေးနွေးခဲ့ကြပြီး မစ္စတာဂမ်ဘာရီနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာမှ ပြန်လည်ထွက်ခွာသွားသည်။

ညပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မစ္စတာဂမ်ဘာရီနှင့်အဖွဲ့အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့(၁)

၁၉၈၈ ခုနှစ်မှစပြီး တပ်မတော်အစိုးရက နိုင်ငံတော်၌ ငြိမ်းချမ်းတည်ငြိမ်လာပြီဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖြစ် ပြောင်းလဲဖွဲ့စည်းကာ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်ထောင်စုတစ်ဝန်း နယ်စပ်မကျန်၊ ကျေးလက်မချန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

နိုင်ငံတော် ငြိမ်းချမ်းတည်ငြိမ်မှုရယူပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဆင့် လှမ်းတက်ရန် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခဲ့သည်။

ခိုင်မျိုးညီလာအောင်၏ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၀ ရက်)

တိုင်းရင်းသားပြည်သူများ ဝင်ငွေတိုးတက်မြင့်မားရေး စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ သီးနှံစိုက်ဧကများ တိုးတက်လာနေပြီ ဖြစ်သည်။

နယ်မြေဒေသအလိုက် ရေအရင်းအမြစ်များ တိုးချဲ့မြှင့်တင်ပေးခဲ့သဖြင့် ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေဧက ငါးသန်းခန့် တိုးတက်လာသည်။ သီးနှံစိုက်ဧရိယာဧကများလည်း ၁၆၂ရာခိုင်နှုန်းခန့် များပြားလာသည်။

စပါးစိုက်ဧကသည်လည်း ယခင်ဧက ၁၂သန်းခန့်ရှိရာမှ ယခုအခါ ဧကသန်း ၂၀ကျော် တိုးချဲ့စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဆန်စပါးဖူလုံပိုလျှံမှု ပိုမိုခိုင်မာစေရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် ဒေသဆန်ဖူလုံမှုရှိအောင် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီတိုင်းသည်လည်း ရေမြေသဘာဝ အရင်းအမြစ်များ ကြွယ်ဝသည့်အတွက် ဆန်စပါးဖူလုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ထို့ပြင် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ဆီအုန်းတို့ စိုက်ပျိုးဖြစ်ထွန်းသောဒေသဖြစ်၍ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့်ဆက်စပ်လျက်ရှိသည့် မွေးမြူရေးကဏ္ဍတွင်လည်း ပုစွန်မွေးမြူကန်များဖြင့် မွေးမြူလျက်ရှိသည့်အပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေပြီဖြစ်သည်။

ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် သတ္တုလုပ်ငန်းတို့ ဖွံ့ဖြိုးတိုးတက်လာအောင် လုံ့လဝီရိယစိုက်၍ ကြိုးပမ်းလုပ်ကိုင်သည်နှင့်အမျှ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် အခြေခံကောင်းများ ရရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်က တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ဒေသလိုအပ်ချက်များကို အခါမလပ် အားပေးကူညီလျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေတိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ် စစ်တွေမြို့ မောလိပ်ရပ်ကွက် ဈေးလမ်းနှင့် သာဇံလှလမ်းထိပ်နေ ဦးမောင်ကျော်လှ-ဒေါ်မဦးသာ မိသားစုက ကြေးပိဋကတ်သုတ္တန္တပိဋကဝင် မဇ္ဈိမပဏ္ဏာသပါဠိတော် ကြေးပြားလေးချပ် တန်ဖိုးငွေကျပ်တစ်သိန်းလှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး မြို့နယ်အတွင်းရေစီးရေလာကောင်းမွန်ရေး ပတ်ဝန်းကျင်သန့်ရှင်းရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့၏ မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက ဖြည့်စွက်အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် လှိုင်မြို့နယ် ၁၆ရပ်ကွက် မာလာမြိုင် ၈လမ်း၊ ၉လမ်းနှင့်မရမ်းကုန်းမြို့နယ် မင်းရဲကျော်စွာလမ်း တစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် သရုပ်ပြ ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ရှစ်လုံးအသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ သမိုင်းချောင်းတစ်လျှောက် ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် နုန်းနှင့် အမှိုက်များ ဆယ်ယူနေခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းမှူးသည် ယမန်နေ့ နံနက်ပိုင်းက တာမွေမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က တာမွေမြို့နယ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက ဖြည့်စွက် အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် အဖွဲ့သည် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ၁၃၃လမ်း တစ်လျှောက်နှင့် မအူကုန်းရပ်ကွက် လမ်း ၁၄၀နှင့် ၁၄၁လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် သရုပ်ပြ ဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ကိုးလုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၈

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၃)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသ သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၄၀)

မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း အမှုဆောင်အဖွဲ့အသစ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် မတ် ၉

မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း၏ အမှုဆောင်အဖွဲ့အသစ် ပြန်လည်ရွေးချယ်နိုင်ရန်အတွက် ရာသက်ပန် အသင်းဝင်များက ဆန္ဒပြု ရွေးချယ်နိုင်ရန် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၁ရက်က ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းရှိ ပရိယတ္တိအလယ်တိုက်ကျောင်း၌ ကျင်းပရာ နာယကငါးဦး၊ ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ အတွင်းရေးမှူး ဦးသန့်ဇင်၊ အမှုဆောင်၃၀နှင့် ဥပဒေအကြံပေးငါးဦးတို့ဖြင့် ဖွဲ့စည်းပြီး ရာသက်ပန်အသင်းဝင်များနှင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရေးအတွက် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မတ် ၅ရက်က မကွေးတိုင်း မကွေးမြို့နှင့် မင်းဘူးမြို့နယ်တို့ရှိ စာစစ်ဌာနများကို လည်းကောင်း၊ မတ် ၆ရက်တွင် ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ချောက်မြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ စာစစ်ဌာနများကို လည်းကောင်း၊ မတ်၇ရက်တွင် မြင်းခြံမြို့နယ်အတွင်းရှိစာစစ်ဌာနများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ဖခင်ကြီး ဦးခင်မောင်(၁၃)နှစ်ပြည့်အား ရည်စူး၍ အမှတ် ၂၇၅(အေ)ခ၊ ဝေဇယန္တာလမ်း ၆ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်မြင့်-ဒေါ်စန်းရီ၊ သားသမီး၊ မြေးမြစ်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးညွန့် လက်ခံယူစဉ်။ (က-ပ)

■ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့မီးရထား အထွေထွေ မန်နေဂျာ (စက်မှုနှင့် လျှပ်စစ်)ဦးထွန်းဦးက စက်ခေါင်းနှင့် စပ်လျဉ်းသော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး စက်ခေါင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အိန္ဒိယသမ္မတနိုင်ငံ ရထားဝန်ကြီးဌာန လက်အောက်ခံ RITES Ltd. မှ အထွေထွေမန်နေဂျာ Mr.Rp Singh က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမင်းဆွေထံ လွှဲပြောင်းပေး အပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် အဖွဲ့ဝင်များသည် စက်ခေါင်းများကို အမွှေးနံ့သာရည် များဖြင့် ပက်ဖျန်းပေးကြပြီး စက်ခေါင်း များကို လှည့်လည်ကြည့်ရှု စစ်ဆေး ကြသည်။

မြန်မာ့မီးရထားသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်တည်ဆောက် ရေးအတွက် မိမိတို့ အခန်းကဏ္ဍ တစ်စိတ်တစ်ပိုင်းမှ ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ခရီးသည် နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံ ရထားဝန်ကြီးဌာန လက်အောက်ခံဖြစ်သည့် RITES Ltd. မှ စက်ခေါင်း စုစုပေါင်း စီးရေ ၂၀ ဝယ်ယူခဲ့ရာ ပထမအသုတ် စက်ခေါင်းငါးခေါင်းကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် လက်ခံ ရယူခဲ့ပြီး ယခု ဒုတိယသုတ်အဖြစ် စက်ခေါင်းစီးရေ ၁၅ခေါင်းကို လက်ခံ ရယူခြင်းဖြစ်သည်။

အဆိုပါ စက်ခေါင်းများသည် အိန္ဒိယရထားလုပ်ငန်းတွင် စိတ်ချစွာ အသုံးပြုနေသည့် YDM-4 အမျိုး အစားဖြစ်ပြီး အဓိကအင်ဂျင်အဖြစ် မြင်းကောင်ရေ ၁၃၅၀ အား Alco အင်ဂျင်တစ်လုံး တပ်ဆင်ထားသည်။

တောင်ပေါ်လမ်းပိုင်း

အဆိုပါစက်ခေါင်းများ၏ ထူးခြား ချက်မှာ Medium Speed Engine တပ်ဆင်ထားခြင်းဖြစ်၍ သက်တမ်း နှစ်၃၀ ရှိကြောင်းသိရသည်။ ထို့အပြင် စက်ခေါင်းများ၌ Fuel Efficient Kit များ တပ်ဆင်ထားသည့်အတွက် စက်မောင်းဆီသုံးစွဲမှု သက်သာပြီး အမြန်ဆုံးမိုင်နှုန်းအဖြစ် တစ်နာရီလျှင် မိုင်၆၀ဖြင့် မောင်းနှင်နိုင်သည်။ ဘရိတ် စနစ်အနေဖြင့် လေဖိအားဘရိတ်အပြင် လျှပ်စစ်ဘရိတ်ပါ တပ်ဆင်ထားသည့် အတွက် တောင်ပေါ်လမ်းပိုင်း၌ပါ အသုံးပြုနိုင်သည်။

(သတင်းစဉ်)

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကံညွန့် ဦးဆောင်၍ ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(အဝေးပြေး)၊ ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း စစ်ဆေးရေးဂိတ်၌ မတ်၅ရက်က ခရီးသည်တင်ယာဉ်ကြီးများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ၊ မရှိ၊ ယာဉ်ကြွခိုင်မှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်ကြရန် ပညာပေးဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ရှင်းလင်းဟောပြော

ဆက်လက်၍ ယာဉ်ရပ်နားစခန်း၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းသည် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီ၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဦးစောလင်း၊ လက်ထောက်ဌာနမှူးတို့နှင့်အတူ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံရုံး အစည်းအဝေးခန်းမ (မြောက်ဥက္ကလာပ)၌ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ စုစုပေါင်း၈၇ဦးအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ပြီး သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးအားပူဇော်မည်

ရန်ကုန် မတ် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ်တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့နယ်ဇာတိဖွား ဖြစ်သော အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ မေတ္တေယျနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုဒုံမြို့ မြို့မ(၁) ရပ်ကွက် ပုပ္ဖာရာမပေါ်တော်မူစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သီဟရာဇ ဆရာတော်ကြီးနှစ်ပါးအား မုဒုံမြို့နယ်အသင်း(ရန်ကုန်)မိသားစုက သတ္တမအကြိမ် ဂုဏ်ပူဇာမင်္ဂလာအခမ်းအနားကို (တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၂၂ရက် (စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း- ၅၈၅၃၀၂၊ ဦးသာလှ ဖုန်း- ၅၃၉၄၅၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း- ၅၃၇၃၆၉၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း-၀၉-၅၁-၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄နှင့် ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ စာရင်းစစ် ဦးသန်းလွင် ဖုန်း-၂၉၄၃၅၉နှင့် နီးစပ်ရာ အသင်းအလုပ်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင် အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဟောပြောပွဲကျင်းပနှင့် လုပ်ငန်းဆိုင်ရာစည်းဝေး

ရန်ကုန် မတ် ၉

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အခမ်းအနား၊ စာပေဟောပြောပွဲနှင့် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို တာမွေ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉နာရီခွဲက ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ တွဲဖက်အတွင်းရေးမှူး ဦးကိုကို (ကိုကို -စက်မှုတက္ကသိုလ်)၊ တာမွေ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်-တိုင်းရင်းဆေးသိပ္ပံ)တို့က အမှာစကား ပြောကြားကြသည်။

ဟောပြော

အစီအစဉ်အရ မြန်မာနိုင်ငံစာပေ နှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စာပေ နှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေလင်း(လူနေလင်း)က ဖတ်ကြား ပြီး၊ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှဋ္ဌေး(ကိုတူး-အညာ မြေ)က ဖတ်ကြားပြီးနောက် စာပေ ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ဦးတင်လှိုင်(လယ်တွင်း သားစောချစ်)က **“စိတ်ထားကောင်းဖို့”** ခေါင်းစဉ်ဖြင့်စာပေရေးရာများဟောပြော သည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

မြန်မာ့ပရိဘောဂပြပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ မတ်၃ရက်မှ စတင်ကာ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ လျက်ရှိသော မြန်မာ့ပရိဘောဂပြပွဲ- ၂၀၀၈တွင် ဆုရရှိကြသော ကုမ္ပဏီ များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ယနေ့ ညနေ၃နာရီတွင် အဆိုပါခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး ခင်းကျင်း ပြသမှုအလိုက် ပထမဆုရ သစ်တော စိုက်ခင်း တိုးချဲ့စေရေးနှင့် ပြန့်ပွား စေရေး ပြခန်းကိုလည်းကောင်း၊ မြန်မာ နိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း နာယက ဦးအောင်လွင်က ဒုတိယဆုရ ထူးထရေးဒင်းကုမ္ပဏီလီမိတက်ပြခန်း ကို လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ(ပြည်ပရောင်း) ဦးထူးအောင်က တတိယဆုရ ကြိမ်၊ ဝါး လုပ်ငန်းစုကော်မတီက ခင်းကျင်း ပြသသည့် ပြခန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က စတုတ္ထဆုမှ သတ္တမဆုအထိ ရရှိကြသော ကုမ္ပဏီ ပြခန်းများကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

နန်းယွန်းစည်ပင်ဈေး သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မတ် ၉

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ နန်းယွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ ပူးပေါင်းကာ ဈေးအတွင်းရှိ ဈေးရုံသုံးရုံရှိ ဆိုင်ခန်း ၃၂ခန်းအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စက်ခေါင်းသစ်

အိန္ဒိယသမ္မတ နိုင်ငံမှ ဝယ်ယူ ခဲ့သောစက်ခေါင်း တွဲများကို တွေ့ရ စဉ်။

(သတင်းစဉ်)

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ စေတနာရှင်များက အလှူငွေများလာရောက်လှူဒါန်းလျက်ရှိကြရာ မတ် ၄ရက်က ကျိုင်းတုံမြို့ ကျိုင်းစံရပ်နေ စိုင်းရီတစ်ဆမ်၊ နန်းစံကျော့်တို့က အလှူငွေကျပ်တစ်သိန်း၊ အမှတ်(၄)ရပ်ကွက် မြို့သစ်နေ ဦးစိုင်းလာ-ဒေါ်နန်းမိုးနှင့် ကျိုင်းတုံမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က အလှူငွေကျပ် လေးသောင်းစီ ပေးအပ်လှူဒါန်းရာ ကျိုင်းတုံ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက လက်ခံယူစဉ်။ (က-ပ)

ပီကေကေသူပုန်များ တူရကီကိုတိုက်ခိုက်မှု တားဆီးမည်ဖြစ်ကြောင်း အီရတ်သမ္မတပြောကြား

အန်ကာရာ မတ် ၉

တူရကီနိုင်ငံအား ကာ့ဒ်သူပုန်များက အီရတ်နိုင်ငံမြောက်ပိုင်း၌ ခြေကုပ်ယူတိုက်ခိုက်နေခြင်းကို အီရတ်အစိုးရက သည်းခံနိုင်တော့မည် မဟုတ်ကြောင်း အီရတ်သမ္မတ တာလာဘာနီက ထပ်မံပြောကြားလိုက်သည်။

ပီကေကေတိုက်ခိုက်ရေးသမားများ၏ လှုပ်ရှားမှုများကို ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် ရပ်သွားအောင် လုပ်ဆောင်ရမည်ဟု ၎င်းအနေဖြင့်တိုက်တွန်းထားကြောင်း တူရကီနိုင်ငံအန်ကာရာသို့ ရောက်ရှိစဉ် အီရတ်သမ္မတ တာလာဘာနီက ပြောကြားသည်။

ပထမအကြိမ်

သမ္မတတာလာဘာနီသည် သူကိုယ်တိုင်ကာ့ဒ်လူမျိုးဖြစ်ပြီး အီရတ်သမ္မတတစ်ဦးအနေဖြင့် တူရကီသို့သွားခြင်းမှာ ယခုအကြိမ်သည် ပထမအကြိမ်ဖြစ်သည်။

တူရကီတပ်များက နယ်စပ်ကိုဖြတ်ပြီး ပီကေကေသူပုန်များကို မကြာမီက လိုက်လံတိုက်ခိုက်မှုနှင့် ပတ်သက်၍ တူရကီသမ္မတ အဗ္ဗဒူလ်ဂါလ်နှင့် ဆွေးနွေးရန် အန်ကာရာသို့ သွားရောက်ခြင်းဖြစ်သည်။

တူရကီနိုင်ငံအနေဖြင့် ပီကေကေတို့ ဆက်လက်တိုက်ခိုက်လာခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း တူရကီသမ္မတဂါလ်က တုံ့ပြန်ပြောကြားသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ လူယယ်စဖဲ့ဒ်မြို့တွင် မတ် ၂ရက်က တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို တွေ့ရစဉ်။ (ယင်းမုန်တိုင်းကြောင့် ကားများ၊ ခေါင်မိုးများ ပျက်စီးပြီး လူ၁၃ဦး သေဆုံးခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

ပါကစ္စတန်ညွန့်ပေါင်းအစိုးရ ငြိမ်းချမ်းရေးထိန်းသိမ်းမှုမှန်သမျှ အပြည့်အဝထောက်ခံသွားမည်ဟု သမ္မတမူရှာရက်ဖ်ပြောကြား

အစ္စလမ္မာဘတ် မတ် ၉

ငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်နေသမျှ ဖွဲ့စည်းတော့မည့် ညွန့်ပေါင်းအစိုးရကို သူထောက်ခံသွားမည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က မတ် ၇ရက်တွင် ပြောကြားသည်။

ရင်ဆိုင်

ဖေဖော်ဝါရီ ၁၈ရက် ပါလီမန်ရွေးကောက်ပွဲတွင် သူထောက်ခံသည့်ပါတီ အရေးနိမ့်ပြီးနောက် သမ္မတမူရှာရက်ဖ်မှာ ရန်လိုသည့်ပါလီမန်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ထောက်ခံမည်

ဗဟိုနှင့်ပြည်နယ်များတွင် တည်ငြိမ်သည့် အစိုးရများ ဖွဲ့စည်းသင့်ကြောင်း၊ ငြိမ်းချမ်းရေးထိန်းထားသမျှ ဖွဲ့စည်းမည့်ညွန့်ပေါင်းအစိုးရကိုအပြည့်အဝ ထောက်ခံသွားမည်ဖြစ်ကြောင်း သမ္မတမူရှာရက်ဖ်က ဆင်းပြည်နယ်တောင်ပိုင်း ရေပေးဝေရေး စီမံကိန်း ဖွင့်ပွဲတွင် ပြောကြားလိုက်သည်။

လမ်းဖွင့်ပေး

ရွေးကောက်ပွဲကော်မရှင်က ကျန်ရှိသော ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ပေးခြင်းဖြင့် သမ္မတမူရှာရက်ဖ်က ပါလီမန်အစည်းအဝေး ခေါ်ယူနိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

သေဆုံးသူ အစ္စရေးလူငယ်ရှစ်ဦး ဂျေရုဆလမ်၌ သင်္ဂြိုဟ်

ဂျေရုဆလမ် မတ် ၉

စာသင်ကျောင်းအတွင်း ပါလက်စတိုင်းသေနတ်သမားတစ်ဦး မတ်၆ရက်က ဝင်ရောက်ကာ သေနတ်ဖြင့်သုံးလေးမိနစ်ကြာ ပစ်ခတ်သဖြင့် သေဆုံးသွားသူ ရှစ်ဦး၏ ဈာပနအခမ်းအနားကို ဂျေရုဆလမ်၌ မတ်၈ရက်တွင် ပြုလုပ်သည်။ ဈာပနသို့ ထောင်ပေါင်းများစွာသော လူထုပရိသတ်က လာရောက်ပို့ဆောင်ကြသည်။

ပစ်သတ်

အနောက်ဂျေရုဆလမ်ရှိ သမ္မာကျမ်းစာသင်ကျောင်းဝင်းတွင် သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်သူမှာ အရှေ့ဂျေရုဆလမ်၌နေထိုင်သည့် အဘူဒိမ်း(၂၅နှစ်)ခေါ် ပါလက်စတိုင်း ယာဉ်မောင်းတစ်ဦးဖြစ်သည်။ သေနတ်သမားကိုလည်း အစ္စရေးရဲက ပစ်သတ်လိုက်သည်။

လွှင့်ထူ

အဘူဒိမ်း၏ နေအိမ်ရှေ့တွင် ဈာပနမဏ္ဍပ်ထိုးကာ ဟားမတ်စ်အုပ်စုအလံနှင့် ဟစ်ဇ်ဘိုလာအုပ်စုအလံများ လွှင့်ထူထားသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၆၀အကွာ အယ်လ်လက်ဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးကို မတ်၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန် ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ ဆေးကုသမှုခံယူနေရ

လန်ဒန် မတ် ၉

ဗြိတိန်ဝန်ကြီးချုပ်ဟောင်းမာဂရက်သက်ချာကို လန်ဒန်မြို့ စိန့်သောမတ်ဆေးရုံသို့ မတ် ၇ရက်က တင်လိုက်ရသည်။

ပြောကြား

မာဂရက်သက်ချာ၏ ကျန်းမာရေးအခြေအနေမှာ တည်တည်ငြိမ်ငြိမ်ရှိပြီး ကုသပေးသည့်ဆရာဝန်များနှင့် စကားပြောဆိုနိုင်ကြောင်း ဆေးရုံပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အကြံပြု

အသက် ၈၂နှစ်ရှိ မာဂရက်သက်ချာသည် ၂၀၀၂ခုနှစ်က လေဖြန်းသည့်ဝေဒနာခံစားရသဖြင့် လူထုအစည်းအဝေးများတွင် မိန့်ခွန်းမပြောရန် ဆရာဝန်များက တားမြစ်ထားသည်။

(အင်တာနက်)

ဘဝအမောပြေ

သတင်းဝေါဟာရကြွယ်ဝလိုက်ပုံက...

လူငယ်သတင်းထောက်တစ်ဦးအား နယ်မြို့တစ်မြို့သို့ စေလွှတ်၍ ယာဉ်တိုက်မှုသတင်း ယူခိုင်းလိုက်ရာ လူငယ်သတင်းထောက်က တာဝန်ခံစာတည်းထံ အောက်ပါအတိုင်း သတင်းရေးသားပေးပို့လိုက်လေသည်။

လူငယ်သတင်းထောက် ပေးပို့သည့်သတင်း ။ ။တာဝန်ခံစာတည်းခင်ဗျာ၊ ဒီနေ့ယာဉ်တိုက်မှုတစ်ခုဖြစ်ပါတယ်။ ယာဉ်တိုက်ခံရတဲ့ အမျိုးသမီးကတော့ ဝဲဘက်ရင်သား တစ်ပိုက်မှာ ဒဏ်ရာတွေရပြီး ဆေးရုံတင်ပို့ လိုက်ရပါတယ်။

တာဝန်ခံစာတည်း ။ ။ဒါသတင်းမဟုတ်ဘဲ မိသားစုရေးတဲ့ စာမျိုးဖြစ်နေတယ်။ ရင်သားဆိုတဲ့ တခြားအသုံးအနှုန်းကို ရွေးချယ်သုံးသင့်တယ်။ သတင်းချက်ချင်းပြန်ရေးပို့။

လူငယ်သတင်းထောက် ထပ်မံပို့သည့်သတင်း ။ ။ဒီနေ့ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားပါတယ်။ ယာဉ်တိုက်ခံရတဲ့ အမျိုးသမီးကတော့ (...)မှာ ဒဏ်ရာရရှိလို့ ဆေးရုံပို့လိုက်ရပါတယ်။

ဆွီဒင်နိုင်ငံမှ သံတမန်အား အီရန်နိုင်ငံကပြန်လှန်နှင်ထုတ်

စတော့ဟုမ်း မတ် ၉

ဆွီဒင်နိုင်ငံက အီရန်သံတမန်အား နှင်ထုတ်ခဲ့သဖြင့် အီရန်နိုင်ငံကလည်း ပြန်၍ ဆွီဒင်သံတမန်ကို နှင်ထုတ်လိုက်ကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၆ရက်တွင် ပြောကြားသည်။

နှင်ထုတ်

ပြီးခဲ့သည့်နှစ် စက်တင်ဘာလက အီရန်နိုင်ငံ၌ သံတမန်တာဝန်ထမ်းဆောင်ရန်ရောက်ရှိနေသော ဆွီဒင်သံအမတ်အား ဖေဖော်ဝါရီလကုန်ပိုင်းတွင် အီရန်နိုင်ငံက နှင်ထုတ်လိုက်ကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဂူဖရန်အယ်နာဒရပ်က ဒေသဆိုင်ရာမီဒီယာသို့ပြောကြားသည်။

ဆွီဒင်နိုင်ငံက အီရန်သံတမန်အား ယခုနှစ်အစောပိုင်းက နှင်ထုတ်ခဲ့သည်ဟုဆိုသည်။ ယင်းကဲ့သို့ နှင်ထုတ်မှုများ အပြန်အလှန် ပြုလုပ်ရခြင်းမှာ သူလျှိုလုပ်မှုကြောင့် အစပြုကာ တစ်ဖက်နှင့်တစ်ဖက်တင်းမာလာရာမှ ဖြစ်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်း
စုစည်း ဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ပျက်စီး

ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့၌ အစ္စရေးတို့၏ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို မတ် ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ➢ **ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ဆိပ်ကမ်းတွင် မတ် ၈ရက်က အပျော်စီး အမြန်ရေယာဉ်နှစ်စင်း တိုက်မိခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်။**(အပေါ်ပုံ)

- ■ ဂရိနိုင်ငံ အေသင်မြို့အရှေ့မြောက်ပိုင်း လာရစ်ဆာမြို့အနီးခရီးသည်တင် ရထားတစ်စင်း မတ် ၈ရက်က လမ်းချော်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး ပြီး ၂၃ဦး ဒဏ်ရာရရှိခဲ့သည်။

- ➢ **တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ မတ် ၈ရက်က မီးလောင်မှုဖြစ်ပွားရာ အလုပ်သမားများအား အမြန်ကယ်ထုတ်ပေးနိုင်ခဲ့သည်။**

- ■ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မတ် ၈ရက်က သုံးထပ် လူနေအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။

- ➢ **အမေရိကန်နိုင်ငံ ဂျော်ဂျီယာနှင့် ဖလော်ရီဒါပြည်နယ်များ၌ မတ်၈ရက်က လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးပြီး လူတစ်ဦးသေဆုံးခဲ့သည်။**

- ■ နိုင်ဂျီးရီးယားနိုင်ငံ အာဘူဂျာမြို့တွင် မတ်၈ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

- ➢ **အင်ဒိုနီးရှားနိုင်ငံ ဂျားဗားပြည်နယ် ကမ်းလွန်၌ မတ် ၈ရက်က အင်အား ရစ်ချ်တာစကေး ၆ဒသမ ၃ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ အဆောက် အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သည်။**

- ■ အီကွေဒေါနိုင်ငံ ကွီတိုမြို့၌ မတ် ၈ရက်က တစ်နာရီ မိုင်၁၀၀နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့ရသည်။



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၉-၃-၂၀၀၈

အီဂျစ်နှင့် ပါလက်စတိုင်းနယ်စပ်ကိစ္စ ပူးတွဲဖြေရှင်းမည်

အီဂျစ်နှင့် ပါလက်စတိုင်းတို့အနေဖြင့် နယ်စပ်ကိစ္စများ၌ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများ ဝင်ထွက်သွားလာနိုင်မည့် နယ်စပ် အဝင်အထွက် ကိစ္စများနှင့် လုံခြုံရေးကိစ္စများ၌ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေး သွားကြမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ကြေးနီဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ကြေးနီဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း တရုတ် စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ကြေးနီဈေးနှုန်းမှာ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၄ဒသမ၂ ဒေါ်လာအထိ မြင့်တက်လာရာ ပြီးခဲ့သည့် သီတင်းပတ်က ကြေးနီ တစ်ပေါင်လျှင် ၃ဒသမ၉၈ဒေါ်လာသာရှိခဲ့သည်ဟု ၎င်းတို့ကပြောကြားသည်။

ကုမ္ပဏီအမည်ပျက်စာရင်းများ ဇမ်ဘီယာ၌ ထုတ်ပြန်

ဇမ်ဘီယာနိုင်ငံ အစိုးရက ပြည်တွင်းရှိ ဆောက်လုပ်ရေး ကုမ္ပဏီ၄၂ခုကို အမည်ပျက်စာရင်း သတ်မှတ်လိုက်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခဲ့ကြသဖြင့် အဆိုပါ ကုမ္ပဏီများအား အမည်ပျက်စာရင်းထည့်သွင်းခဲ့ပြီး စီးပွားရေး လုပ်ငန်းများလုပ်ခွင့်ကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းဆက်လက်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက် ရှိကြောင်း ရေနံရောင်းနိုင်ငံများ(အိုပက်)က သတင်းထုတ်ပြန်သည်။

ဥရောပနှင့် အာရှဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၀၆ ဒသမ ၅၄ဒေါ်လာအထိ မြင့်တက်လာကြောင်း အိုပက်အရာရှိ များက ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ အီရန်သို့ အလည်အပတ်သွားမည်

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုသည် အီရန်နိုင်ငံသို့ လာမည့် သီတင်းပတ်၌ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံစွမ်းအင်ကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးနှင့်ဆက်ဆံရေးတိုးမြင့် စေရန် အီရန်သို့ အင်ဒိုနီးရှားသမ္မတ သွားရောက်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

အာဖဂန်ဆိုင်ရာ ကုလသံတမန်အစားထိုးခန့်အပ်

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်တစ်ဦးကို ကုလသမဂ္ဂက အစားထိုးခန့်အပ်လိုက်ပြီဖြစ်ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြော ကြားသည်။

ယခုအသစ်ခန့်လိုက်သည့် ပုဂ္ဂိုလ်မှာ အာဖဂန်နစ္စတန် သံတမန် အဖြစ် ဆောင်ရွက်ခဲ့သော ဂျာမနီနိုင်ငံမှ တွမ်ကိုနစ်၏နေရာ၌ အစားထိုးခန့်အပ်မည့် နော်ဝေနိုင်ငံမှ ကိုင်အီဒီဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြား သည်။

ဘဝဒဿန အမြင်

- ✻ ***Friends are as dangerous as enemies.***
  မိတ်ဆွေများသည်ပင် ရန်သူကဲ့သို့ အန္တရာယ်ရှိသည်။
  သောမတ်စ်ဒီကွင်စီး
  (အင်္ဂလိပ်လူမျိုးစာရေးဆရာ)

- ✻ ***It is easy to be wise after the event.***
  လူမိုက်နောက်မှ အကြံရ။
  ကိုနန်းဒွိုင်းလ်
  (အင်္ဂလိပ်လူမျိုးဝတ္ထုရေးဆရာ)

အကျဉ်းအကျပ်ဘဝမှ ရုန်းထလာရသည့် ဘူရွန်ဒီနိုင်ငံ

သတင်းအက်ဆေး

ဘူရွန်ဒီသမ္မတနိုင်ငံသည် အာဖရိကအလယ်ပိုင်းဒေသ၌ တည်ရှိသည်။ လူမျိုးရေးပဋိပက္ခကို အခြေခံသည့် ၁၂နှစ်ကြာပြည်တွင်းစစ်ကို မကြာသေး မီကမှ ခါးသီးစွာ ဖြတ်ကျော်လာခဲ့ရသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

ပေကတ်ကတ်အနိုင်ဆုံးနိုင်ငံ

၁၉၆၁ ခုနှစ်ကတည်းက ဘူရွန်ဒီနိုင်ငံ၌ကြီးစိုးသည့် တွတ်ဆီလူနည်းစုနှင့် ဟူတူလူများစုတို့အကြားတွင် အားပြိုင်မှုများရှိလာခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လူမျိုးရေးအကြမ်းဖက်မှုများ အစပျိုးမီးမွှေးလိုက်သည့် အချိန်မှစ၍ ဘူရွန်ဒီ နိုင်ငံမှာ အာဖရိကတိုက်တစ်လွှားတွင် ပဋိပက္ခမီး ငြိမ်းရ သတ်ရအခက်ဆုံး၊ ပေကတ်ကတ်အနိုင်ဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ယခုအခါတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရလဒ်အသီးအပွင့်ကို စတင် ရယူနေရပြီဟု ဆိုနိုင်သည်။ သို့သော် ယိုင်လဲပျက်စီးသွားသည့် စီးပွားရေးကို ပြန်မတ်ပေးရန်၊ အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ရသည့် တိုင်းရင်းသားစည်းလုံး ရေးကို ခိုင်မာအောင်ကြိုးပမ်းဆောင်ရွက်ရန်ဟူသော ကြီးမားသည့်တာဝန်များက ခါးတောင်းကျိုက်မဖြုတ်ရန် သတိပေးနေပေသည်။

ဘူရွန်ဒီမည်သော ဤနေရာ ဤဒေသတွင် ၁၃၀၀ပြည့်နှစ်များက ဟူတူ လူမျိုးများ အခြေချကာ အေးအေးလူလူ နေထိုင်ခဲ့ကြသည်။ မူလရှိပြီးသား တွာလူမျိုးစုကိုလည်း သူတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုသွတ်သွင်း စည်းရုံးခဲ့သည်။ ၁၄၀၀ ပြည့်လွန်နှစ်များတွင် တွတ်ဆီလူမျိုးစုက မြေရှင် ပဒေသရာဇ် အုပ်ချုပ်သူများအဖြစ် သူတို့ကိုယ်သူတို့ သတ်မှတ်လာကြသည်။ ၁၈၉၀ ပြည့်နှစ်တွင် ယူရွန်ဒီတွတ်ဆီ ဘုရင့်နိုင်ငံနှင့် အိမ်နီးချင်း ရဝမ်ဒါတို့ကို ဂျာမန်အရှေ့အာဖရိက နယ်ပယ်အတွင်းသို့ ပေါင်းစည်းသိမ်းယူလိုက်သည်။ ၁၉၁၆ ခုနှစ်တွင် ထိုဒေသကို ဘယ်ဂျီယံက သိမ်းယူလိုက်သည်။ ၁၉၂၃ ခုနှစ်တွင် ရဝမ်ဒါ-ယူရွန်ဒီကို ဘယ်လ်ဂျီယံနိုင်ငံကအုပ်ချုပ်ရန် နိုင်ငံပေါင်းချုပ် အသင်းကြီးက ခွင့်ပြုသည်။ ၁၉၅၉ ခုနှစ်တွင် ရဝမ်ဒါ၌ လူမျိုးရေး အကြမ်းဖက်မှုများပေါ်ပေါက်လာပြီးနောက် ယူရွန်ဒီသို့ တွတ်ဆီဒုက္ခသည်များ အလုံးအရင်းရောက်ရှိလာသည်။

၁၉၆၂ခုနှစ်တွင် ယူရွန်ဒီက ရဝမ်ဒါ-ယူရွန်ဒီနိုင်ငံမှခွဲထွက်ပြီး လွတ်လပ်ရေး ရကာ ဘူရွန်ဒီနိုင်ငံဖြစ်လာသည်။ ဘူရွန်ဒီနိုင်ငံ၏ ဘုရင်မှာ အမ်ဝမ်ဘတ်ဆာ ဖြစ်သည်။ ၁၉၆၃ခုနှစ်တွင် ဘူရွန်ဒီနိုင်ငံ၌ လူမျိုးရေးအကြမ်းဖက်မှုများ ဖြစ်ပြီးနောက် ဟူတူလူမျိုးထောင်ပေါင်းများစွာတို့ ရဝမ်ဒါသို့ ထွက်ပြေး ကြသည်။

၁၉၆၅ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲ၌ ဟူတူတို့အနိုင်ရသော်လည်း ဟူတူတစ်ဦးကို ဝန်ကြီးချုပ်ခန့်ရန် ဘုရင်အမ်ဝမ်ဘတ်ဆာက ငြင်းဆိုသည်။ မိုက်ကယ်မီကွန်ဘာရိုဦးဆောင်ပြီး ဟူတူရဲတပ်ဖွဲ့က အာဏာသိမ်းရန် ကြိုးပမ်း သည်။ ဘုရင်က ရက်ရက်စက်စက် ချေမှုန်းပစ်သည်။ ၁၉၆၆ခုနှစ် ဇူလိုင်လ တွင် ဘုရင်အမ်ဝမ်ဘတ်ဆာကို သားဖြစ်သူအင်တာရီက ဖြုတ်ချသည်။ ၁၉၆၆ ခုနှစ် နိုဝင်ဘာလတွင် မီကွန်ဘာရိုက ဒုတိယအကြိမ် အာဏာသိမ်းသည်။ သူ့ကိုယ်သူ သမ္မတအဖြစ်ကြေညာသည်။

သမ္မတအဖြစ်ကြေညာ

၁၉၇၂ ခုနှစ်တွင် အင်တာရီကို လုပ်ကြံသတ်ဖြတ်ခံရသည်။ ဟူတူများ လက်ချက်ဟုယူဆသည်။ ယင်းနောက် ဟူတူ ၁၅၀၀၀၀တို့ အစုအပြုံလိုက် သတ်ဖြတ်ခံလိုက်ရသည်။ ၁၉၇၆ခုနှစ်တွင် မီကွန်ဘာရိုကို စစ်တပ်က အာဏာ သိမ်းပြီး ဘက်ပတစ်ဘာဂါဇာအား သမ္မတတာဝန်ပေးသည်။ ၁၉၈၇ခုနှစ်တွင် ဘူယိုယာဦးဆောင်ပြီး အာဏာသိမ်းကာ သမ္မတဘာဂါဇာအား ဖြုတ်ချခဲ့သည်။

၁၉၈၈ခုနှစ်တွင် ထောင်ပေါင်းများစွာသော ဟူတူများကို တွတ်ဆီတို့က အစုအပြုံလိုက် သတ်ဖြတ်၍ ရဝမ်ဒါသို့ ဟူတူထောင်ပေါင်းများစွာ ထွက်ပြေး ကြသည်။ ၁၉၉၃ခုနှစ်ဇွန်လတွင် ပါတီစုံရွေးကောက်ပွဲကျင်းပသည်။ အင်ဒါဒါ ယေး၏ ပရိုဒေဘူးပါတီက အနိုင်ရသည်။ ပါတီဝင်အချို့က တွတ်ဆီများကို အစုအပြုံလိုက်သတ်သည်။ စစ်တပ်ကစတင်လက်စားချေတုံ့ပြန်သည်။ ဘူရွန်ဒီ နိုင်ငံမှာ လူမျိုးရေးပဋိပက္ခအတွင်း ကျဆင်းသွားသဖြင့် ပြည်သူ ၃၀၀၀၀၀ သေဆုံးရသည်။ ၁၉၉၅ခုနှစ်တွင် ဟူတူဒုက္ခသည်များအား အစုအပြုံလိုက် သတ်မှုကြောင့် မြို့တော်ဘူဂျမ်ဘူရာတွင် လူမျိုးရေးအကြမ်းဖက်မှုပြန်ဖြစ်သည်။ ၁၉၉၆ခုနှစ်တွင် ဘူယိုယာက ဒုတိယအကြိမ်အာဏာသိမ်းပြီး သမ္မတကိုဖယ်ရှား ပစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းသည်။ ၁၉၉၈ခုနှစ်တွင် သမ္မတအဖြစ် ဘူယိုယာ ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံသည်။

၂၀၀၁ခုနှစ် ဇန်နဝါရီလတွင် သမ္မတဘူယာယိုက အဓိကဟူတူသူပုန် အုပ်စု အက်ဖ်ဒီဒီနှင့် အပစ်ရပ်ရေးဆွေးနွေးရန် သဘောတူသည်။ ၂၀၀၁ခုနှစ် အောက်တိုဘာတွင် ဟူတူနှင့် တွတ်ဆီခေါင်းဆောင်များ အာဏာခွဲဝေယူရန် ကြားဖြတ်အစိုးရဖွဲ့ရေး ဦးတည်သည့်ဆွေးနွေးပွဲကို နယ်လ်ဆင်မန်ဒဲလားက ကြားဝင်စီစဉ်ပေးသည်။အဓိက ဟူတူသူပုန်အုပ်စုများက အပစ်ရပ်ရေးသဘော တူညီမှုကို လက်မှတ်ထိုးရန်ငြင်းဆိုပြီး တိုက်ပွဲများအရှိန်မြှင့်ခဲ့သည်။

လက်မှတ်ထိုး

၂၀၀၃ခုနှစ် နိုဝင်ဘာတွင် တန်ဇန်းနီးယားနိုင်ငံ အာဖရိကခေါင်း ဆောင်များ ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းစစ် အဆုံးသတ်ရေးစာချုပ်ကို ဘူရွန်ဒီသမ္မတနှင့် အက်ဖ်ဒီဒီခေါင်းဆောင်တို့ လက်မှတ်ထိုးသည်။ အက်ဖ်ဒီဒီ ခေါင်းဆောင်နှင့်အဖွဲ့ဝင်များကို ဝန်ကြီးရာထူးများ ပေးသည်။

၂၀၀၄ ခုနှစ် ဇွန်လတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန် တာဝန်ကို ကုလ သမဂ္ဂက အာဖရိကသမဂ္ဂ (အေယူ)တပ်များထံမှ လွှဲယူသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ပဋိပက္ခ၌ ပါဝင်တိုက်ခိုက်သူများ လက်နက်အပ်နှံရေး လုပ်ငန်းကို ကုလသမဂ္ဂနှင့် ဘူရွန်ဒီအစိုးရက စတင်ဆောင်ရွက်သည်။

၂၀၀၅ ခုနှစ် မတ်လတွင် အာဏာခွဲဝေရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး ထိုနှစ်ဩဂုတ်လတွင် ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲ၌ အနိုင်ရသည့် အက်ဖ်ဒီဒီပါတီခေါင်းဆောင် အင်ကူရုန်ဇီဇာအား သမ္မတအဖြစ် ဩဂုတ်လတွင် ရွေးချယ်တင်မြှောက်လိုက်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂကငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းကို ရုပ်သိမ်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အကူအညီ ပေးရေးကို ဆောင်ရွက်ပေးသည်။ ၂၀၀၇ ခုနှစ် ဧပြီလတွင် ဘူရွန်ဒီ၊ ကွန်ဂိုဒီမို ကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့က ဒေသဆိုင်ရာ စီးပွားရေးအုပ်စု (စီအီးပီဂျီအယ်)ကို ပြန်လည်ထူထောင်သည်။

ငြိမ်းချမ်းသောလမ်းပေါ်သို့

ဟူတူသူပုန်တို့နှင့်တွတ်ဆီတို့ဦးစီးသောစစ်တပ်အကြားပြန်လည်သင့်မြတ်ပြီ ဆိုသော်လည်း အစဉ်ထာဝရ စည်းလုံးညီညွတ်ရေးကို သမ္မတအင်ကူရုန် ဇီဇာက ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် ဒေါ်လာ ၂ဘီလီယံ ကုန်ကျမည့် အားသစ်လောင်းပေးရေးစီမံကိန်းကို သမ္မတက ၂၀၀၅ ခုနှစ်ကုန်တွင် ထုတ်ပြန် ကြေညာပြီး အကောင်အထည်ဖော်လျက် ရှိသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုး ရေးကို ဦးစားပေးသည့် စီမံကိန်းဖြစ်သည်။ လူမျိုးရေးပဋိပက္ခ အနိဋ္ဌာရုံမှ ရုန်းထွက်လာသော ဘူရွန်ဒီသမ္မတနိုင်ငံသည် ယခုတော့ ငြိမ်းချမ်းသော လမ်းပေါ်သို့ရောက်ရှိလျှောက်လှမ်း၍ နေပေပြီ။ ။

[ကိုးကား-အင်တာနက်]

တိုး-ရေးသားသည်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရီပတ်ဘလီကင်ပါတီမှ မက်ကိန်း မဲဆွယ်မှုအရှိန်လျှော့ပြီ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမားအပြိုင်မဲဆွယ်နေဆဲ

ဝါရှင်တန် မတ် ၉

အမေရိကန်သမ္မတ ရွေးကောက်ပွဲ နိုဝင်ဘာလတွင် ကျင်းပသောအခါ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမှာ ရီပတ်ဘလီကင်ပါတီ ကိုယ်စားပြု သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် သေချာသွားပြီဖြစ်သည်။

မတ် ၄ရက် အင်္ဂါနေ့က ပြည်နယ်အကြိုရွေးကောက်ပွဲများတွင် မက်ကိန်း အနိုင်ရရှိလိုက်သဖြင့် စက်တင်ဘာလဆန်းတွင် ပါတီကိုယ်စားပြု သမ္မတလောင်း ရွေးချယ်မည့် ပါတီညီလာခံတွင် ယခုအခါ သတ်မှတ်ကိုယ်စားလှယ် အရေအတွက် ထက်ပင် ပိုမိုရရှိနေပေပြီ။

ပြင်ဆင်မှု

ထို့ကြောင့် ဂျွန်မက်ကိန်းသည် မဲဆွယ်စည်းရုံးရေးကို တစ်စတစ်စ အရှိန်လျှော့မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။ သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကင်ပါတီ၏ ပြင်ဆင်မှုမှာ နောက်တစ်ဆင့် တက်သွားပြီဟု ဆိုနိုင်သည်။

အကြိတ်အနယ်

ဒီမိုကရက်တစ်ပါတီ အနေဖြင့်မူ ဟီလာရီ **(ယာပုံ)** နှင့် အိုဘားမားတို့ နှစ်ဦး အကြိတ်အနယ် မဲဆွယ်စည်းရုံးနေသည့် အဆင့်တွင်ရှိသည်။ ပါတီကိုယ်စားလှယ်ရရှိမှုမှာ နှစ်ဦးစလုံး မတိမ်းမယိမ်းရှိသည့်ပြင် သတ်မှတ်ကိုယ်စားလှယ်ပြည့်ရန် အလှမ်းကွာဝေးကြသေးသည်။

အပိုင်ရရေး

မတ်၈ရက် စနေနေ့က ပြုလုပ်သည့် ဝိုင်အိုမင်းပြည်နယ် အကြိုရွေးကောက်ပွဲမှ ညီလာခံကိုယ်စားလှယ် ၁၂ဦး၊ မတ် ၁၁ရက် အင်္ဂါနေ့ ပြုလုပ်မည့် မစ္စစ္စပီပြည်နယ် အကြိုရွေးကောက်ပွဲမှ ညီလာခံကိုယ်စားလှယ် ၃၃ဦးတို့ အပိုင်ရရေးမှာ သာမန်အားဖြင့် ကိုယ်စားလှယ်အရေအတွက် မပြောပလောက်ဟု ထင်ရသော်လည်း အကြိတ်အနယ်ဖြစ်ချိန်တွင် အနိုင်ရရန် အရေးကြီးပေသည်။

အားထည့်စည်းရုံး

ဟီလာရီနှင့်အိုဘားမားတို့အဖို့ ဧပြီ ၂၂ရက် အင်္ဂါနေ့ ပြုလုပ်မည့် ပင်ဆဲလ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲမှာ ပို၍ပင် အားထည့်စည်းရုံးရမည့် အရေးပါသော အကြိုရွေးကောက်ပွဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ညီလာခံကိုယ်စားလှယ် ၁၅၈ဦး ရမည့် အရေးပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းအနေဖြင့် ရီပတ်ဘလီကင်ကိုယ်စားပြု လက်မှတ်ရပြီးဖြစ်သည့်ပြင် ဝိုင်အိုမင်းပြည်နယ် အကြိုရွေးကောက်ပွဲတွင် သူ့ပါတီက မပါ၊ ထိုပြည်နယ်တွင် ဇန်နဝါရီ၅ရက် က ရီပတ်ဘလီကင်တို့ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မတ် ၁၁ရက် အင်္ဂါနေ့ မစ္စစ္စပီပြည်နယ် ရွေးကောက်ပွဲတွင် ဝင်ရမည်ဖြစ်သော်လည်း ဂျွန်မက်ကိန်းမှာ စင်ပေါ်ကလူ ဖြစ်နေပေသည်။ **(အင်တာနက်)**

မလေးရှားပါလီမန်ရွေးကောက်ပွဲ အာဏာရအမျိုးသားတပ်ဦးပါတီအနိုင်ရရှိ

ကွာလာလမ်ပူ မတ် ၉

မလေးရှားနိုင်ငံ ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ အကြိုမဲရေတွက်မှု စာရင်းများအရ မလေးရှားနိုင်ငံ၏ အာဏာရပါတီဖြစ်သည့် အမျိုးသားတပ်ဦး ပါတီ(ဘီအင်န်) အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က မတ် ၉ရက်၌ သတင်းထုတ်ပြန်သည်။

မဲပေးမှုနှောင့်နှေးခဲ့သော်လည်း မတ် ၉ရက်၌ မဲပေးမှုလုပ်ငန်းများ ပြီးပြတ်အောင်လုပ်ဆောင်နိုင်ခဲ့ကြောင်း ရွေးကောက်ပွဲ ကော်မရှင်က ပြောကြားသည်။

ထုတ်ဖော်ပြောကြား

လက်ရှိမလေးရှားဝန်ကြီးချုပ် ဘာဒါဝီနှင့် ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇက်က ရွေးကောက်ပွဲ၌ ဘီအင်န်ပါတီအနိုင်ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ၏ (၁၂)ကြိမ်မြောက် ပါလီမန် ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အမတ် ၂၂၂နေရာ၌ ဘီအင်န်ပါတီက လွှတ်တော်အမတ် ၁၂၇နေရာအနိုင်ရရှိခဲ့ကြောင်း၊ မလေးရှား ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ရာဟစ်က ထုတ်ဖော်ကြေညာခဲ့သည်။

မလေးရှားအတိုက်အခံပါတီများ အနေဖြင့် ရွေးကောက်ပွဲ၌ အမတ်ဦးရေမည်မျှရရှိသည်ကို မစ္စတာရာဟစ်က ထည့်သွင်းပြောကြားခြင်း မရှိချေ။

အနိုင်ရရှိခဲ့

ဘီအင်န်ပါတီအနေဖြင့် ယခုကဲ့သို့ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ခြင်းမှာ မလေးရှားနိုင်ငံ၏ အဓိကပြည်နယ်ကြီးများဖြစ်ကြသည့် ဂျိုဟော်၊ မာလာကာ၊ ပါလစ်၊ တာရီဂါယူ၊ ပါဟန်နှင့် ဆမ်ဘိုင်လန်စသည့် ပြည်နယ်များ၌ အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စောင့်ကြည့်မည်

မလေးရှားအစ္စလမ္မစ်ပါတီ (ပီအေအက်စ်)က ကာလန်တန်ပြည်နယ်တွင် အနိုင်ရရှိခဲ့သော်လည်း အစိုးရသစ်လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံအချို့ပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်းခဲ့၍

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အနောက်တောင်ဘက်ရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်တွင် မတ် ၈ရက်က ဂျာမနီနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်ဝန်းအလုပ်အကိုင်ရရှိသော အမျိုးသမီးဦးရေ ၂၀၀၇ ခုနှစ်အတွင်း တစ်ဘီလီယံကျော်အထိရှိလာ

ဂျီနီဗာ မတ် ၉

ကမ္ဘာတစ်ဝန်း၌ အလုပ်လုပ်ကိုင်သော အမျိုးသမီးဦးရေသည် များပြားလာလျက်ရှိကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့က ပြောကြားသည်ကို မတ် ၈ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

အရေအတွက်

ပြီးခဲ့သည့် ဆယ်စုနှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်းအလုပ်လုပ်သော အမျိုးသမီးဦးရေမှာ သန်း ၂၀၀ နီးပါး ရှိခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်က အလုပ်လုပ်သည့် အမျိုးသမီးဦးရေမှာ ၁ ဒသမ ၂ ဘီလီယံရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ အလုပ်လုပ်သည့် အမျိုးသား အရေအတွက်မှာ ၁ ဒသမ ၈ ဘီလီယံ ရှိကြောင်း သတင်း၌ဖော်ပြသည်။

ထုတ်ပြန်

ကမ္ဘာတစ်ဝန်း၌အမျိုးသမီးအများစုသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရခြင်းထက် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှု ပို၍များပြားလာကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့၏ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၀၇ခုနှစ်က လယ်ယာလုပ်ငန်းခွင်များ၌ အလုပ်လုပ်ကိုင်ကြသော အမျိုးသမီးများမှာ ရာခိုင်နှုန်းအားဖြင့် ၃၆ဒသမ၁ရာခိုင်နှုန်းရှိသည်။ ထိုကာလအတွင်း ဝန်ဆောင်မှု လုပ်ငန်းများ၌ အလုပ်လုပ်ကိုင်သည့် အမျိုးသမီးများမှာ ရာခိုင်နှုန်းအားဖြင့် ၄၆ဒသမ၃ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

လွန်ခဲ့သော ၁၀နှစ်တာကာလက ကမ္ဘာ့အလုပ်သမားဦးရေ၏ ၄၀ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်လာခဲ့သည်ဟု တရားဝင်ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

ပါကစ္စတန်သမ္မတအား ဆန့်ကျင်သည့် အမတ်များ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်သည့် ပါတီကြီးများနှင့်ပူးပေါင်း

အစ္စလမ္မာဘတ် မတ် ၉

ပါကစ္စတန် တစ်သီးပုဂ္ဂလအမတ် ၁၁ဦးသည် သမ္မတ မူရှာရက်ဖ်ကို ဆန့်ကျင်လျက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်သော အဓိက ပါတီကြီးနှစ်ခုနှင့် လာရောက်ပူးပေါင်းခဲ့သည်။

ပူးပေါင်း

အင်ဒီပင်းဒင့်ပါတီမှ အမတ်ခုနစ်ဦးသည် ပါကစ္စတန် ပြည်သူ့ပါတီ (ပီပီပီ)သို့ လာရောက်ပူးပေါင်းသကဲ့သို့ အခြားအမတ် လေးဦးသည် ပီအမ်အယ်လ်-အင်ပါတီသို့ လာရောက်ပူးပေါင်းခဲ့ကြောင်း ပါကစ္စတန် ရွေးကောက်ပွဲ ကော်မရှင်က ပြောကြားသည်။

တိုက်တွန်း

ပါကစ္စတန်ကြည်းတပ် ဦးစီးချုပ်က သမ္မတမူရှာရက်ဖ်နှင့် ညွန့်ပေါင်းအစိုးရတို့ ပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

ပါကစ္စတန် စစ်တပ်အနေဖြင့် နိုင်ငံရေးတိုးတက်မှု ဆောင်ရွက်ရာတွင် ပါဝင်လိမ့်မည်မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီးအက်ရှ်ဖတ်ကာယာနီက ပြောကြားလိုက်သည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်အား ပြီးခဲ့သည့်နှစ်က ဗိုလ်ချုပ်ကြီး ကာယာနီကို စစ်ဘက်ရာထူး လွှဲပြောင်းပေးရန် နိုင်ငံတကာက ဖိအားပေးခဲ့သည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည်ကို မတ် ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆေးလိပ်သောက်သည့် မိဘများကြောင့် ကလေးများနာမကျန်း၍ ဆေးရုံတက်ကုသနေရ

လီဗာပူး မတ် ၉

ဗြိတိန်နိုင်ငံရှိ ကလေးသုံးပုံ တစ်ပုံသည် ဆေးလိပ်သောက်သည့် မိဘများထံမှ မီးခိုးငွေ့များရှူရှိုက်မိ၍ နာမကျန်းဖြစ်နေကြောင်း ယင်းနိုင်ငံရှိ ထိပ်တန်းဆေးရုံတစ်ရုံက ပြောကြားသည်ကို မတ် ၈ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ဆေးလိပ်သောက်သည့် မိဘများ ဆေးလိပ်သောက်ခြင်းကို ဖြတ်နိုင်မည်ဆိုလျှင် ယင်းတို့၏ ကလေးများမှာလည်း ချောင်းဆိုးရင်ကျပ်၊ ပန်းနာရင်ကျပ်နှင့် နားရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း လီဗာပူးမြို့ရှိ အယ်လ်ဒါဟေးဆေးရုံကြီးမှ ဆေးညွှန်ကြားရေးမှူး ဒေါက်တာစတိဗ်ရိုင်ယံက ပြောကြားသည်။

မိဘများသည် ကလေးများအနီး၌ လဲလျောင်းလျက် ဆေးလိပ်သောက်ခြင်းမှာ အလေ့အထတစ်ခု ဖြစ်နေကြောင်းလည်း ၎င်းကပြောကြားသည်။ ဗြိတိန်နိုင်ငံ၌ နှစ်စဉ်အသက် ငါးနှစ်အောက်ကလေး ၁၇၀၀၀အား ဆေးလိပ်ငွေ့ရှူရှိုက်မိ၍ နာမကျန်းဖြစ်သဖြင့် ဆေးကုသပေးနေရကြောင်း ဗြိတိသျှအဆုတ်ရောဂါကုသရေးဖောင်ဒေးရှင်းက ပြောကြားသည်။

ကလေးများရှိသည့် အခန်းတစ်ခန်းအတွင်း ဖခင်ဆေးလိပ်သောက်မှုထက် မိခင်ဆေးလိပ်သောက်မှုမှာ ကလေးများအတွက် ဆေးလိပ်မီးခိုးရှူရှိုက်ရမှုမှာ ရာခိုင်နှုန်းပို၍များကြောင်း ၎င်းဖောင်ဒေးရှင်းကပြောကြားသည်။ **(အင်တာနက်)**

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများအပြီး နည်းပြများ၏ ရင်ဖွင့်စကား

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၉

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မတ်၈ရက်က ယှဉ်ပြိုင်တဲ့အခါ လက်ရှိအက်ဖ်အေဖလားပိုင်ရှင် ချယ်လ်ဆီးနဲ့ ဒီနှစ် အက်ဖ်အေဖလား အရယူမယ်လို့ မျှော်မှန်းထားတဲ့ နာမည်ကြီးမန်ယူတို့ အရှုံးတွေရင်မှာပိုက်ပြီး အက်ဖ်အေဖလားပြိုင်ပွဲ ပြေးလမ်းပေါ်က ထွက်ခွာခဲ့ရပြီ ဖြစ်ပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲအဖြစ် အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ပို့စ်မောက်ကို အပေါ်စီးက ကစားနိုင်ခဲ့ပေမယ့် ကံအကောင်းအကြောင်း မလှဘဲ အကောင်းဆုံး အရှုံးသမားဖြစ်ခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်ကတော့ **"ဒီပွဲရဲ့ အဖြစ်အပျက်တွေကတော့ အံ့အားသင့်စရာ ကောင်းပါတယ်။ ဆိုးရွားဆုံးအဖြစ်က ဒိုင်လူကြီး မာတင်အက်ကင်ဆန်ရဲ့ လုပ်ရပ်ပါ။ သူဟာ အဓိပ္ပာယ်မဲ့ပြီး လွဲမှားတဲ့ အပြစ်ပေးမှုကို လုပ်ဆောင်လိုက်တာဟာ တကယ့်ကို အံ့သြစရာကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေတော့ မလုပ်တော့ပါဘူး။ ဘောလုံးပွဲ တစ်ပွဲမှာ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တွေဟာ ပြိုင်ပွဲတစ်ခုလုံး ကမောက်ကမ ဖြစ်စေခဲ့တာတွေ အများကြီးရှိပါတယ်။ ဒိုင်လူကြီးရဲ့ လုပ်ရပ်တွေကြောင့် ကျွန်တော့် ကစားသမားတွေစိတ်တိုင်းကျ မကစားခဲ့ရဘူး။ တစ်ခုတော့ရှိပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့ ကံမကောင်းခဲ့တာတော့ အမှန်ပါပဲ။ ကျွန်တော်တို့ ဂိုးသွင်းခွင့်တွေ**

ပို့စ်မောက်နည်းပြ ဟာရီရက်နက်

အများကြီး ရခဲ့ပေမယ့် တစ်ဂိုးမှ မရခဲ့တာကတော့ ကျွန်တော့်လူတွေရဲ့ အားနည်းချက်လည်း ပါပါတယ်။ ဒါပေမယ့် ဒိုင်လူကြီး မာတင်အက်ကင်ဆန်ရဲ့ ဆုံးဖြတ်ချက်ကတော့ ဘဝင်ကျစရာ မရှိပါဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျန်တဲ့ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ် ပွဲတွေအပေါ် အပြည့်အဝ အာရုံစိုက်ရတော့မှာပါ" လို့ပြောပြသွားပါတယ်။

မန်ယူကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ တက်ရောက်သွားတဲ့ ပို့စ်မောက်နည်းပြ ဟာရီရက်နက်ကတော့ **"ဒီပွဲကတော့ ကြီးမားတဲ့အောင်ပွဲတစ်ရပ်ပါ။ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပရိသတ်တွေအတွက် အကောင်းဆုံး အောင်မြင်မှုတွေ ရယူပေးနိုင်ဖို့ ဒီ့ထက်ပိုပြီး ကြိုးစားသွားပါမယ်။ မန်ယူကို အနိုင်ရခဲ့တာဟာ ကျွန်တော်တို့ ကုသိုလ်ကံဖေးမမှုလည်း ပါဝင်နေပါတယ်"**လို့ ရှင်းပြသွားပါတယ်။

ဒီလိုပါပဲလက်ရှိအက်ဖ်အေဖလား ပိုင်ရှင်ချယ်လ်ဆီးတို့လည်း အဝေးကွင်းမှာ ဘန်စလေကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး အက်ဖ်အေဖလား ချန်ပီယံဘွဲ့ကို စွန့်လွှတ်လိုက်ရပြီ ဖြစ်ပါတယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး ချယ်လ်ဆီးနည်းပြ ဂရန့်က **"စိတ်ပျက်စရာကောင်းတဲ့ ရလဒ်ပါပဲ။ ဒီပွဲက ဘယ်လိုမှ မရှုံးသင့်တဲ့ပွဲပါ။ ကျွန်တော့်လူတွေရဲ့ အားနည်းချက် အများကြီးပါပါတယ်။ တကယ်တမ်းမှာတော့ ဘန်စလေတို့ ဒီနေ့ ကစားတာ အကောင်းချည်းတော့ မဟုတ်ပါဘူး။ ကျွန်တော့်ကစားသမားတွေ နားလည်မှု လွဲချော်နေတာတွေ အများကြီး ပါဝင်နေပါတယ်။**

အက်ဖ်အေဖလားကို စွန့်လွှတ်လိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်"လို့ ပြောပြသွားပါတယ်။

ဘန်စလေနည်းပြ စီမွန်ဒါဗီး

ဘန်စလေနည်းပြ စီမွန်ဒါဗီးကတော့ **"ချယ်လ်ဆီးလို အသင်းကို အနိုင်ရတာဟာ ထူးခြားတဲ့အောင်မြင်မှုပါပဲ။ အက်ဖ်အေဖလား ရယူဖို့အတွက် ကျွန်တော်တို့ ဒီ့ထက်ကစားနိုင်အောင် ပြင်ဆင်ရပါဦးမယ်။ ရှေ့ပွဲတွေက ပိုပြီးခက်ခဲလာတဲ့ ပွဲကျပ်တွေချည်းပါပဲ။ ဒီပွဲ အနိုင်ရလိုက်တာဟာ ကျွန်တော့်လူတွေအတွက် အင်အားတစ်ရပ်ဖြစ်ပါတယ်"** လို့ ပြောပြသွားခဲ့ပါတယ်။ ။

(အင်တာနက်)

အင်တာနက် သတင်းအတိုအထွာ

❒ မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား ဖာဘီယိုရိုချင်ဘက်က ၎င်း၏ အသင်းဟောင်း စပို့တင်းလစ္စဘွန်းသို့ ပြန်လည်ပြောင်းရွှေ့ ကစားလိုကြောင်း ဖွင့်ဟသည်။

● **မန်ယူအသင်းက ခေါ်ယူလိုသော တိုက်စစ်မှူးဘင်ဇီမာသည် ၎င်း၏ ကလပ်အသင်း လိုင်ယွန်နှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။**

❒ မန်စီးတီးအသင်းမှ ဆဲလ်တစ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသော ဆာမာရက်စ်သည် ဆဲလ်တစ်အသင်းနှင့် အမြဲတမ်းစာချုပ်တစ်ရပ် ချုပ်ဆိုရန် ဆန္ဒရှိနေသည်။

● **ဖာဂူဆန်သည် ၎င်း၏ အသက်၇၀ရောက်သည်အထိ မန်ယူအသင်းကို နည်းပြလုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားသည်။**

❒ တိုက်စစ်မှူးဟောင်း မိုက်ကယ်အိုဝင်ကို ပြန်မခေါ်သော်လည်း ယင်းအစား စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား စာချုပ်ချုပ်ဆိုခေါ်ခဲ့ခြင်းသည် ၎င်းအနေဖြင့် မှန်ကန်သောလုပ်ရပ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အခိုင်အမာပြောကြားသည်။

● **အဲဗာတန်တိုက်စစ်မှူး ဂျိမ်းစ်ဗော်ဂန်သည် ဒူးခေါင်းခွဲစိတ်ထားရသဖြင့် ယခုရာသီ လက်ကျန်ပွဲများနှင့် လွဲချော်ဖွယ်ရှိသည်။**

❒ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် အရည်အချင်းမပြည့်မီပါက ၎င်းအနေဖြင့် အသင်းအား လာမည့်ဘောလုံးရာသီတွင် အင်တာတိုတိုဖလားပြိုင်ပွဲသို့ ဝင်ရန် စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း နည်းပြ အဲရစ်ဆင်က ဝန်ခံလိုက်သည်။

● **လီဗာပူးပိုင်ရှင် တွမ်ဟစ်နှင့် ဒူဘိုင်းနိုင်ငံတကာစီးပွားရေး လုပ်ငန်းစုတို့သည် နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရခါနီးပြီဖြစ်သဖြင့် မကြာမီတွင် လီဗာပူးအသင်းကို ဖက်စပ်ပိုင်ဆိုင်နိုင်ကြတော့မည် ဖြစ်သည်။**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့တွင် ဆေးရုံဝန်ထမ်းတစ်ဦးဖြစ်သော အရှုရယ်ရာလီရာယူက မတ် ၈ ရက်တွင် သူ၏ခန္ဓာကိုယ်ပေါ်၌ စတီးလ်ဇွန်းမျိုးစုံကို ကပ်ပြထားရာ သံလိုက်တစ်ခုကဲ့သို့ကပ်နေကြောင်း အံ့သြဖွယ်ရာ ဤသို့တွေ့ရှိခဲ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကြိုးတန်းပေါ် စွမ်းရည်ပြသ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အနီးကျေးရွာ တစ်ရွာ၌ အသက်၃၅နှစ်အရွယ် အမျိုးသား တစ်ဦး မြေပြင်မှ အမြင့်ပေ ၃၀တွင် သွယ်တန်းထားသော ကြိုးတန်းပေါ်မှ အခေါက်ပေါင်းများစွာ အမြန်ပြေးပြကာ စွမ်းရည်ပြသ နိုင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ဘိုင်ယန်မြူးနစ်ဦးဆောင်

မြူးနစ် မတ် ၉

ဂျာမနီဘွန်ဒက်စ်လီဂါပွဲစဉ်(၂၃) ဘောလုံးပြိုင်ပွဲများကို မတ် ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားကို ဦးဆောင်နေသော ဘိုင်ယန်မြူးနစ်အသင်းက ကာစရူဟာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်လာသော ရှော့လ်ကေးအသင်းကလည်း ဘီလီဖီးလ်၏ အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ အမှတ်ပေးဇယားနံပါတ် ၅ နေရာသို့ ရောက်ရှိလာသည်။

အမှတ်ပေးဇယား ဒုတိယနေရာရောက် ဝါဒါဘရီမင်အသင်းသည် စတုဂတ်၏အိမ်ကွင်း၌ ခြောက်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်သွားသည်။ ပွဲစဉ်(၂၃)အပြီး ဘိုင်ယန်မြူးနစ်အသင်းသည် ဒုတိယနေရာမှ ဝါဒါဘရီမင်အသင်းကို ခုနစ်မှတ် ဖြတ်ထားနိုင်ပြီ ဖြစ်သည်။ (အင်တာနက်)

ရာအူးလ်၏ ပယ်နယ်တီဂိုး ရီးရဲကို ကံကောင်းစေခဲ့

မက်ဒရစ် မတ် ၉

စပိန်လာလီဂါပွဲစဉ်(၂၇)ဘောလုံးပြိုင်ပွဲများကို မတ်၈ရက်က စတင်ကစားရာ ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ အက်စ်ပန်းညိုအသင်းအား ရာအူးလ်၏ ပယ်နယ်တီဂိုးဖြင့် အနိုင်ရလိုက်သည်။

အက်စ်ပန်းညိုအသင်းသည် အဝေးကွင်းကစားရသော်လည်း မာမာတင်းတင်း ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၉မိနစ်မှာ ဟင်ရိချာဗယ်လ်ဒိုက အက်စ်ပန်းညိုအသင်းအတွက် ဖွေဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

သို့သော်လည်း ရီးရဲမက်ဒရစ်သည် ချေပဂိုးသွင်းယူနိုင်ရေးအကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်းပြီးရန် နှစ်မိနစ်အလို ဂွန်ဇာလိုက ရီးရဲအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယင်းချေပဂိုးကြောင့် ရီးရဲတို့၏ တိုက်စစ်ပိုအားကောင်းလာကာ အက်စ်ပန်းညို နောက်တန်းကို တရစပ်ထိုးဖောက်စဉ် ကြမ်းတမ်းစွာကစားခဲ့၍ ရီးရဲက ပယ်နယ်တီ ကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ရာအူးလ်က သွင်းယူခဲ့သည်။ ပွဲအပြီး ရီးရဲက ၆၂မှတ်၊ ဘာစီလိုနာက ၅၄ မှတ်ဖြင့် ဒုတိယနေရာမှာ ဦးဆောင်နေသည်။

(အင်တာနက်)

တာတိုအပြေးသမားချန်းဘားစ် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရ

ဗလင်စီယာ မတ် ၉

စပိန်နိုင်ငံ ဗလင်စီယာမြို့၌ (၁၂) ကြိမ်မြောက် ကမ္ဘာ့အင်ဒိုး ချန်ပီယံရှစ်ပြေးခုန်ပစ် အားကစားပြိုင်ပွဲ ကျင်းပလျက်ရှိရာ အမျိုးသားမီတာ ၆၀ ပြေးပွဲတွင် နိုင်ဂျီးရီးယားနိုင်ငံသား ဖာဆူဘာက စံချိန်၆ဒသမ၅၁စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲ၍ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသည်။

ဆွတ်ခူးနိုင်

အဆိုပါ အမျိုးသားမီတာ ၆၀ တာတိုပြေးပွဲတွင် ဗြိတိန်မှ ချန်းဘားစ်သည် စံချိန် ၆ဒသမ ၅၄ စက္ကန့်ဖြင့် ပန်းဝင်ပြီး ဒုတိယ ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲအပြီး

မိမိသည် မီတာ၆၀တာတိုပြေးပွဲ အကြိုဗိုလ်လုပွဲအပြီးရွှေတံဆိပ်ဆွတ်ခူးနိုင်၍ ယုံကြည်မှု အပြည့်အဝရှိခဲ့ကြောင်း အသက်၂၃နှစ်ရှိ ဖာဆူဘာက ပြိုင်ပွဲအပြီး ပြောကြားသည်။

(အင်တာနက်)

စီးရီးအေပြိုင်ပွဲ အင်တာထပ်မံအနိုင်ရ

မီလန် မတ် ၉

အီတလီ စီးရီးအေပွဲစဉ်(၂၇) ဘောလုံးပြိုင်ပွဲများကို မတ် ၈ရက်က စတင် ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားကို ကာလကြာရှည်စွာ စိုးမိုးထားသော အင်တာမီလန်ကအိမ်ကွင်း၌ ရက်ဂျီးနားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်ပြန်ပါပြီ။

အရှုံးဖြင့်ရင်ဆိုင်

အင်တာအတွက်ဂိုးများကိုနာမည်ကြီး အီဘရာဟင်မိုဗစ်နှင့် ဘာဒစ်ဆိုတို့က ပထမပိုင်းအတွင်းမှာပင် သွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။ ရက်ဂျီးနားတို့ ဒုတိယပိုင်းတွင် ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း အင်တာ နောက်တန်းခံစစ်ကို မကျော်နိုင်ခဲ့၍ အရှုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။

ကိုးမှတ်အသာ

ယခုနှစ် စီးရီးအေပြိုင်ပွဲတွင်လည်း အင်တာမီလန် အသင်းသည် ဒုတိယနေရာမှ ရိုးမားထက် ကိုးမှတ် အသာရထားပြီဖြစ်၍ ချန်ပီယံဖြစ်ရန် အလားအလာကောင်းနေသည်။ ထိုနေ့က ပါလာမိုနှင့်အူဒီနီးစ်တို့ ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဘန်ဂလိုအိုးပင်းပြိုင်ပွဲ ဆီရီနာက အစ်မဖြစ်သူအားအနိုင်ရ

ဆီရီနာ (ယာ) **နှင့် အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံ။**

ဘန်ဂလို မတ် ၉

အိန္ဒိယနိုင်ငံ၌ ကျင်းပလျက်ရှိသော ဘန်ဂလိုအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဆီရီနာဝီလျံက အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဆီရီနာက ယင်းပြိုင်ပွဲတွင် ၆-၃၊၃-၆၊ ၇-၆(၇-၄)ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့ ညီအစ်မ နှစ်ဦးသည် ၂၀၀၅ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် တင်းနစ်ပြိုင်ပွဲတွင် တွေ့ခဲ့ကြခြင်းဖြစ်သည်။

ဆီရီနာသည် ဗိုလ်လုပွဲတွင် တရုတ်နိုင်ငံမှ ရန်ဇီကို ၆-၃၊ ၆-၄ ဖြင့်နိုင်ပြီး တက်ရောက်လာသော ပတ်တီရှုနိုင်ဒါနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီရီနာသည် ၎င်း၏ တင်းနစ်ကစားသမားဘဝတစ်လျှောက် ဖလား ၂၉လုံးအထိဆွတ်ခူးထားသူဖြစ်သည်။

(အင်တာနက်)

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၂)မှ လက်ခုပ်သံများ

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် စစ်သွေး(ဘီလပ်မြေစက်ရုံ)၏ လေမှာဝဲ၍ ကန်ချက်ကို ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)က ဘယ်ခြေဖမ်းချုပ်၍ ခေါင်းဖြင့်တိုက်ကာ ဤသို့ တုံ့ပြန်ခဲ့သည်။ (မြန်မာ့အလင်း)

✻ ကျောဖုံးမှ

အနီထောင့်က တက်လာတဲ့ ကျော်ခေါက်နဲ့ အပြာထောင့်က ကြိုးဝိုင်းထဲ ခုန်ဝင်လာတဲ့ ပအို့လေးတို့ဟာ ထိုးဟော့ဆိုတာနဲ့ ပအို့လေးက ခြေကန်ချက်၊ ဘယ်ညာလက်သီးတွဲတွေနဲ့ အတင်းလိုက်ထိုးတာကို ကျော်ခေါက် ရှောင်ရင်း တိမ်းရင်း ဘယ်ထောက်လက်သီး မှန်မှန်ပစ်သွင်းခဲ့လို့ ပအို့လေး ထိချက်နာခဲ့ပါတယ်။ ဒုတိယအချီမှာတော့ ကျော်ခေါက် ခေါင်းနဲ့ ပစ်တိုက်ချက်ကြောင့် ပအို့လေး လဲကျပြီး ကျော်ခေါက် အလဲထိုးနဲ့ အနိုင်ရခဲ့ပါတယ်။

အလဲထိုး

ဒုတိယပွဲကတော့ အောင်သူရ (ဒေါင်းမြန်မာ) နဲ့ ဖိုးခွားလေး (ရွှေလက်ရာ) တို့ပွဲ ဖြစ်ပါတယ်။ အရပ်မြင့်ပြီး ခြေတံလက်တံရှည်တဲ့ အောင်သူရဟာ ညိုပြီး ပုတဲ့ ဖိုးခွားလေးကို အသာစီးက ထိုးနိုင်ခဲ့တဲ့ အပြင် အောင်သူရရဲ့ အားပါပြင်းထန်တဲ့ ခြေကန်ချက်တွေကို ဖိုးခွားလေးရေရှည် မခံနိုင်ခဲ့ပါဘူး။ ဖိုးခွားလေးက ခွာပြီး ထိုးပေမယ့် အောင်သူရရဲ့ ညာဖြတ်လက်သီးနဲ့ ဒူးတိုက်ချက်ကို မီးပွင့်မတတ် ခံလိုက်ရတဲ့ ဖိုးခွားလေး အရပ်ကြီးပြတ်လဲကျပြီး ပြန်မထနိုင်တော့တာမို့ အောင်သူရ အလဲထိုး အနိုင်ရရှိခဲ့ပါတယ်။

တတိယ ပွဲစဉ်ကတော့ ဒေါနု (ရွှေလက်ရာ)နဲ့ မိုက်သဲလေး(ဒေါင်းမြန်မာ) တို့ပွဲပါပဲ။ မိုက်သဲလေးရဲ့ မြားပစ်သလို မြန်ဆန်ပြင်းထန်တဲ့ ဘယ်ညာ ဖြောင့်လက်သီးတွေဟာ ဒေါနကို ပြင်းပြင်းထန်ထန် ထိမှန်ခဲ့လို့ ဒေါနလည်း ပြိုလဲမတတ် ဖြစ်ခဲ့ရပါတယ်။ ဒေါနက ညာဖြတ်လက်သီးတွေနဲ့ အသုံးပြုခဲ့ပေမယ့် မိုက်သဲလေးရဲ့ ဒူးတိုက်ချက်မိပြီး ဒေါန ပုံခနဲလဲကျခဲ့လို့ ဒုတိယအချီမှာပဲ မိုက်သဲလေး အလဲထိုးနဲ့ အနိုင်ရရှိသွားပါတယ်။

စတုတ္ထပွဲစဉ်

စတုတ္ထပွဲစဉ်မှာတော့ စောဇော်မင်း(ရွှေလက်ရာ) နဲ့ ဖိုးလုံး(မြန်မာပြည်သား) တို့ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ် ထိုးခဲ့ကြပေမယ့် ဖိုးလုံးရဲ့ ဘယ်ညာ ဝိုက်လက်သီးတွေက ဖြောင်းဖြောင်းထအောင် စောဇော်မင်းကို ထိမှန်ပြီး လဲကျခဲ့တာမို့ ဖိုးလုံး အလဲထိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ပဉ္စမပွဲစဉ်

ပဉ္စမပွဲအဖြစ် သိန်းဈာန် (ရက္ခဖျာလ)နဲ့ ဂျိုးမတေ(သူရဲကောင်း)တို့ ပွဲကတော့ တကယ့်ကို ရင်မ ရတဲ့ပွဲပါပဲ။ လွှတ်ဟော့ဆိုတာနဲ့ သိန်းဈာန်က ခြေကန်ချက်တွေ ပလူပျံအောင်သုံးပြီး လေပွေမွှေ့သလို ထိုးသတ်ခဲ့တာကြောင့် ဂျိုးမတေလည်း အသက်ရှုမှားမတတ် ကာကွယ်ခဲ့ရပါတယ်။ ဂျိုးမတေရဲ့ ချုပ်ဒူးနဲ့ ညာဖြတ်လက်သီးတွေကလည်း သိန်းဈာန်ကို အထိနာစေခဲ့ပေမယ့် စတုတ္ထအချီမှာ သိန်းဈာန်ရဲ့ ပွဲသိမ်းဒူးတိုက်ချက်ကြောင့် ဂျိုးမတေ ဘယ်လိုမှ မဟန်တော့ဘဲ အလဲထိုးခံရပြီး သိန်းဈာန် နိုင်ပွဲရသွားခဲ့သည်။

ဆဋ္ဌမပွဲ

ဆဋ္ဌမပွဲကတော့ နာမည်ကြီး မိုးသီး (မြန်မာပြည်သား) နဲ့ သိန်းညီညီ (အလင်းရောင်)တို့ ပွဲဖြစ်ပါတယ်။ ထိုးလုံးသတ်လုံး ကောင်းမွန်တဲ့အပြင် ဝါရင့်သမ္ဘာရင့် မိုးသီးကို ခံထိုးသွားတဲ့ သိန်းညီညီရဲ့ ထိုးကွက်တွေက ပရိသတ်အကြိုက်ဖြစ်စေခဲ့ပြီး လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားပေးခဲ့ကြပါတယ်။ မိုးသီးရဲ့ ပင့်လက်သီး၊ ဖြောင့်လက်သီးတွေ ထိမှန်ခံရပေမယ့် သိန်းညီညီ ဇွဲကောင်းကောင်းနဲ့ ထိုးသတ်ခဲ့လို့ သရေပွဲဖြစ်ခဲ့ပါတယ်။

သတ္တမပွဲ

သတ္တမပွဲကတော့ ရှုမဝ(ဒေါင်းမြန်မာ)နဲ့ ဝမ်ရှိ(ဘီလပ်မြေစက်ရုံ) တို့ပွဲကလည်း နှစ်ဦးစလုံး တစ်ပြန်စီ ထိုးသတ်ရင်း ပွဲချိန်ပြည့်တဲ့အထိ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်ပါတယ်။ အဋ္ဌမပွဲစဉ်မှာ စောဂပရေမှူး (တွံတေး)နဲ့ ကြယ်တစ်ပွင့်(မြန်မာပြည်သား)တို့ပွဲက ကြည့်ကောင်းတဲ့ ပွဲပါ။ ဖြူပြီး မြင့်တဲ့ စောဂပရေမှူးဟာ အတွေ့အကြုံရှိတဲ့ ကြယ်တစ်ပွင့်ကို ခြေကန်တွေ၊ ဖြောင့်လက်သီးတွေနဲ့ အတွဲလိုက်ထိုးသတ်ခဲ့တာမို့ တတိယအချီမှာ ကြယ်တစ်ပွင့် လဲကျပြီး စောဂပရေမှူး အလဲထိုးနဲ့ အနိုင်ရခဲ့ပါတယ်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အချီပြည့် ထိုးသတ်ပြီး သရေဖြင့် အဆုံးသတ်စေခဲ့သည့် လုံးချော(ညောင်တုန်း)နှင့် ရွှေဆိုင်း(မြိုင်ကြီးငူ) တို့အား ဒိုင်အဖွဲ့မှ သရေအဖြစ် ကြေညာခဲ့စဉ်။ (မြန်မာ့အလင်း)

သရေပွဲ

နဝမပွဲစဉ်က စစ်သွေး(ဘီလပ်မြေစက်ရုံ)နဲ့ ဒေါဂျစ်(လယ်/ဆည်)တို့ ပွဲဖြစ်ပါတယ်။ ပွဲစတာနဲ့ နှစ်ဦးစလုံး ကျွဲနှစ်ကောင်ခတ်သလို အပြတ်အသတ် ထိုးသတ်ကြတာဟာ ပရိသတ်တွေ အကြိုက်ပါပဲ။ စစ်သွေးရဲ့ ဒူးပျံတိုက်ချက်တွေက ကြောက်ခမန်းလိလိ ဖြစ်သလို ဒေါဂျစ်ရဲ့ အားပါ ပြင်းထန်တဲ့ ညာဖြောင့်လက်သီးတွေကလည်း စစ်သွေးကို အထိနာစေခဲ့ပါတယ်။ ခြေကန်ချက်တွေ၊ ဘယ်ညာ တွဲလုံးတွေနဲ့ အပြန်အလှန် ထိုးသတ်ခဲ့ပေမယ့် ပွဲချိပြည့်တဲ့အထိ အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့ရပါတယ်။

လုံးချော(ညောင်တုန်း)နဲ့ ရွှေဆိုင်း(မြိုင်ကြီးငူ)

နောက်ဆုံးပွဲကတော့ ပရိသတ်တွေ မျှော်လင့်နေတဲ့ လုံးချော(ညောင်တုန်း) နဲ့ ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ပွဲပဲဖြစ်ပါတယ်။ လုံးချောက အရပ်မြင့်ပြီး ပိုတောင့်တင်းသလို ရွှေဆိုင်းက ညိုပြီး အလုံးအထည်ကောင်းပါတယ်။ အနီထောင့်ကတက်လာတဲ့ လုံးချောကို ပရိသတ်က အားပေးသလို အပြာထောင့်က တက်လာတဲ့ ရွှေဆိုင်းကိုလည်း ပရိသတ်တွေက လက်ခုပ်တဖြောင်းဖြောင်းနဲ့ အားပေးကြပါတယ်။

လုံးချောနဲ့ ရွှေဆိုင်းတို့ဟာ ထိုးဟော့ဆိုတာနဲ့ နှစ်ယောက်စလုံး ဝုန်းဒိုင်းကြဲ ထိုးသတ်ကြတာမို့ ပရိသတ်တွေရဲ့ လက်ခုပ်သံ ဆူညံနေပါတော့တယ်။ ရွှေဆိုင်းရဲ့ ဘယ်ညာဖြတ်လက်သီး၊ ဖြောင့်လက်သီးတွေဟာ လုံးချောမျက်နှာကို တုတ်နဲ့ဖြတ်ရိုက်သလို ပြင်းပြင်းထန်ထန် ထိမှန်တာမို့ လုံးချောလည်း ယိုင်ဆင်းသွားပါတယ်။

လုံးချောက အတင်းလိုက်ထိုးပေမယ့် ညာခြေနဲ့ထောက်ပြီး ဟန့်တားတဲ့ရွှေဆိုင်းကို လုံးချောအပိုင်ထိုးသတ်မရသလို ဖြစ်နေခဲ့ပါတယ်။ ပထမအချီနဲ့ ဒုတိယအချီမှာ လုံးချောရော ရွှေဆိုင်းပါ ဘယ်သူမှအသာစီးမရခဲ့ပါဘူး။

တတိယအချီမှာ ရွှေဆိုင်းရဲ့ ခြေကန်ချက်နဲ့ ပင့်လက်သီးတွေ လုံးချော မျက်နှာကို မီးပွင့်မတတ် ထိမှန်ခဲ့ပေမယ့် ခံနိုင်ရည်ရှိရှိနဲ့ ထိုးသတ်ခဲ့တဲ့ လုံးချောရဲ့ ဘယ်ထောက်ညာဝိုက် လက်သီးတွေကလည်း ရွှေဆိုင်းကို ပြိုလဲမတတ် ဖြစ်စေခဲ့တာပါပဲ။ မညှာတမ်း ပြတ်ပြတ်သားသား ထိုးသတ်နေတာမို့ ပရိသတ်တွေလည်း ထိုင်ရာမှထပြီး အော်ဟစ်အားပေးသံတွေဟာ ရုံပြင် လျှံထွက်နေတော့တာပါပဲ။

လုံးချော(ညောင်တုန်း)နှင့် ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ဤသို့ ထိုးသတ်ခဲ့ကြသည်။ (မြန်မာ့အလင်း)

စတုတ္ထအချီ

စတုတ္ထအချီမှာတော့ သက်လုံကောင်းပြီး ပါးပါးနပ်နပ် ထိုးသတ်တတ်တဲ့ လုံးချောက ခြေကန်ချက်တွေနဲ့အတူ ညာဖြောင့်လက်သီးတွေ ထိထိမိမိ ထိုးသတ်ခဲ့တာကြောင့် ရွှေဆိုင်းလည်း ကြိုးဝိုင်းထောင့်မှာ အလဲလဲအပြိုပြို ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ရွှေဆိုင်းရဲ့ ညာဖြောင့်လက်သီးချက် တွေကလည်း လုံးချောကို ခါဆင်းသွားစေခဲ့တာပါပဲ။

ပဉ္စမအချီ

ပဉ္စမအချီမှာ လုံးချောက ပွဲသိမ်းလိုတဲ့အတွက် အတင်းလိုက်ထိုးပေမယ့် ရွှေဆိုင်းရဲ့ တန်ပြန်ညာဖြတ်လက်သီးကလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်တာမို့ အရမ်းမဝင်ရဲဘူး ဖြစ်နေခဲ့ပြန်ပါတယ်။ ဒါပေမယ့် လုံးချောရဲ့ ဘယ်ထောက်လက်သီးဟာ ရွှေဆိုင်းကို ပြိုဆင်းသွားစေခဲ့ပါတယ်။ အသည်းမာတဲ့ ရွှေဆိုင်းဟာ တစ်ချီတစ်ချီ အားပါတဲ့ ပင့်လက်သီးတွေ သုံးခဲ့တာမို့ လုံးချောလည်း မူးဝေမတတ် ခံရတာပါပဲ။ ပွဲချိပြည့်တဲ့အထိ လုံးချောလည်း ရွှေဆိုင်းကို အလဲ မထိုးနိုင်ခဲ့တာကြောင့် သရေပွဲနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်ခင်ဗျား။ ။

(မြန်မာ့အလင်း)

သိန်းညီညီ(အလင်းရောင်)၏ ဘယ်လက်သီးကို မိုးသီး(မြန်မာပြည်သား)က ဤသို့ ကာကွယ်ခဲ့သည်။ (မြန်မာ့အလင်း)

လုံးချော(ညောင်တုန်း)၏ ညာဒူးတိုက်ချက်မှာ ရွှေဆိုင်း(မြိုင်ကြီးငူ) ရင်ဘတ်အောက်သို့ ဤသို့ ထိမိခဲ့သည်။ (မြန်မာ့အလင်း)

စစ်သွေး(ဘီလပ်မြေစက်ရုံ)ညာဒူးဖြင့် ခုန်ပျံတိုက်ချက်ကို ဒေါဂျစ် (လယ်ယာ/ဆည်မြောင်း)က ဘယ်ထောက်လက်သီးဖြင့် ဤသို့ ဟန့်ထားသည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဇောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး အတွက် အလှူရှင် ဒေါ်ခွန်တီမိသားစု အမှတ် ၇၅/၂ ယင်းမာမြိုင်လမ်း သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ်သုံးသိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် မတ် ၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ **'အုတ်ချပ်နှင့်တူသောလူ၊ အမှိုက်နှင့်တူသောလူ'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ စိမ်းလဲ့ကန်သာလမ်း ငါးလောင်းပြိုင် လူသတ်မှုဖြစ် ကျပ်သိန်းနှစ်ထောင်ကျော်ဖိုးခန့် ရတနာပစ္စည်းများနှင့် ငွေကျပ်သိန်းတစ်ရာကျော် ပျောက်ဆုံး၊ ဆုံးရှုံးမှုမြင့်မားခဲ့သော မီးလောင်မှုများနှင့် ရတနာပုံဈေးမီးလောင်မှုသည် လျှပ်စစ်ဖို့အားမြှင့် ကိရိယာကို စနစ်တကျသုံးစွဲမှုမရှိ၍ဖြစ်၊ မိကျောင်း သားရေထည်ပစ္စည်းများကို ပြည်တွင်းတွင် စမ်းသပ်ထုတ်လုပ်မည်၊ မဟာသင်္ကြန်ပွဲတော်ကာလ မီးသတ်ငုတ်များမှ ရေထုတ်ယူသုံးစွဲပါက ပြင်းထန်စွာ အရေးယူမည်၊ ရန်ကုန် ကြက်၊ ဘဲဈေးကို လက်ရှိနေရာမှ နေရာသစ်နှစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်၊ ခရီးရှည်ထွက်မည့်သူများ၏ အိမ်မွေး ခွေးများ စောင့်ရှောက်ပေးမည်၊ WCDMA သရီးဂျီမိုဘိုင်းလ်ဖုန်း မတ်လ ကုန်တွင် ချပေးနိုင်ရန် ဆောင်ရွက်မည်၊ ယုံကြည်မှုကို အခွင့်ကောင်းယူ၍ လိမ်လည်မှု ပဲအိတ်စပို့လုပ်ငန်းများတွင် အများဆုံးဖြစ် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အလုပ်နှင့်ပညာရေးလမ်းညွှန် **'ကွန်ပျူတာ သရီးဒီပညာဖြင့် သက်မွေးလိုလျှင်'** နှင့် **'ဖယောင်းတိုင်လိုလူသား'၊ 'မြင်သောမျက်စိနှင့်ကြားသောနား သူများထက်ဦးရမည်'** ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ငြိမ်းချမ်းရေးထိန်းသိမ်းရင်းနဲ့ တောင်နဲ့မြောက် ပူးတွဲကြွယ်ဝစေသင့်တယ်' တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ထိုင်းနိုင်ငံရေးတွင် မုန်တိုင်းထန်လာဦးမည့် လက္ခဏာများ တွေ့နေရ၍ ဝန်ကြီးချုပ်သစ်အနေဖြင့် ပါးနပ်ရန်လို၊ နိုးကြားတက်ကြွသော ဖခင်ရှိခြင်းက ကလေးငယ်များတွက် ဉာဏပိုင်းဆိုင်ရာ အခက်အခဲပြဿနာများ လျော့နည်းစေနိုင်၊ ဘောလုံးပွဲကြည့်ရန် အင်္ဂလန်သို့သွားခွင့် ထိုင်းတရားရုံးထံ သက်ဆင်တောင်း၊ နယူးယောက်၌ ချွတ်စွပ်တူ သုံးမြွှာပူးမွေး၊ ၉/၁၁ တိုက်ခိုက်ခံရမှုသည် လုပ်ကြံဖန်တီးမှုတစ်ခုသာဖြစ်သည်ဟု အော်စကာဆုရ ပြင်သစ်မင်းသမီးပြော၊ ကမ္ဘာ့ပထမဆုံးသစ်သားကား ပေါ်ထွက်လာပြီ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

တာမွေမြို့နယ်ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းသစ်ဖွင့်ပွဲကို မတ်၉ရက်က ဗျိုင်းရေအိုးစင်လမ်းရှိ ရုံးခန်းသစ်ရှေ့၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် ရပ်ကွက်စည်းရုံးရေးမှူး ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဒုလ္လဘရဟန်းနှင့် ယောဂီဝတ်ပွဲ

ရန်ကုန် မတ် ၉

ရွှေပြည်သာမြို့ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ အမှတ်(၄)ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဘဒ္ဒန္တစန္ဒောဘာသ(စစ်ကိုင်းဆုလာဘ်)၏ ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟဖြင့် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အရပ်ရပ်မှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာ ဆရာမများအား ဒုလ္လဘရဟန်းခံနှင့် ယောဂီတော် အလှူပွဲမင်္ဂလာကို (၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၆ရက်) မတ်၂၁ရက်မှ ၂၇ရက်အထိ ပြုလုပ်မည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့် ယောဂီဝတ်လိုသူများ (တပါင်းလဆန်း ၁၄ရက်) မတ်၂၀ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

နေပြည်တော်လယ်ဝေး၌ မီးလောင်မှုဖြစ်ပွား၊ အိမ်ခြေ၃၂၅လုံး မီးလောင်ဆုံးရှုံး

နေပြည်တော် မတ် ၉

နေပြည်တော်လယ်ဝေး အမှတ်(၅)ရပ်ကွက် မြို့မဈေးအနီးရှိ ဒေါ်ခင်ညို၏နေအိမ်မှတစ်ဆင့် မတ် ၉ရက် မွန်းလွဲ ၁နာရီ ၅၅မိနစ်ခန့်တွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

ဝိုင်းဝန်းငြိမ်းသတ်

မီးလောင်မှု ဖြစ်ပွားလျှင်ဖြစ်ပွားချင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် တာဝန်ရှိသူများရောက်ရှိပြီး နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့ရှိ မီးသတ်ကားများ၊ ဆွာမြို့၊ မြို့လှနှင့် သာဂရမြို့တို့မှမီးသတ်ကားများ စုစုပေါင်း မီးသတ်ကား ၂၀တို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြရာ ညနေ ၃နာရီ ၄၅မိနစ်တွင် မီးညွှန့်ကျိုးသွားခဲ့ပြီး ညနေ ၄နာရီ မိနစ်၂၀တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေပြည်တော်လယ်ဝေး အမှတ်(၅)၊ အမှတ်(၆)နှင့် အင်ပုရပ်ကွက်တို့မှ နေအိမ် ၃၂၅လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မီးဘေးသင့်သူများအား နေပြည်တော်လယ်ဝေး အမှတ်(၃)ရပ်ကွက် သာသနာ့ဗိမာန်နှင့် အမှတ် (၆)ရပ်ကွက် အင်ပု မူလတန်းကျောင်းတို့၌ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒဏ်ရာရ လူနာနှစ်ဦးအား နေပြည်တော်လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်ရေးရည်ရွယ် ၂၀၀၈ခုနှစ် အခြေခံနွေရာသီ အားကစားသင်တန်းများဖွင့်

အားကစားနည်း ၂၉မျိုး ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိ

ရန်ကုန် မတ် ၉

၂၀၀၈ခုနှစ် အခြေခံနွေရာသီ အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ကိုကိုစိုးညွှန့်

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ နွေရာသီ အားကစားသင်တန်းအတွက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း (မန်နေးဂျင်း ဒါရိုက်တာ လွယ်ဟိန်းကုမ္ပဏီ) မှ ငွေကျပ်သိန်း၃၀ကို ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် သင်တန်းသားသင်တန်းသူများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး ဝန်ကြီးက အထက(၄) တာမွေ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

သရုပ်ပြ

ယင်းနောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ လက်ရွေးစင်အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများက သရုပ်ပြသကြသည်။ မြန်မာလူမျိုးများ၏ ရိုးရာတိုက်ခိုက်မှု ပညာရပ်ဖြစ်သည့် မြန်မာ့သိုင်းပညာရပ်တွင် လက်သိုင်း၊ ဓားသိုင်း၊ တုတ်သိုင်းပညာ၊ တုတ်၊ဓား၊ လှံ၊ ကြိုး၊ ဒိုး၊ လေးမြားဟူ၍ ပညာရပ် မြောက်မြားစွာရှိသည့် အနက်မှ ယခုသရုပ်ပြပွဲတွင် လက်သိုင်း၊ ဓားသိုင်း၊ တုတ်သိုင်းပညာ ပြကွက်များ၊ ဓားရှည်၊ ဗန်တိုပြကွက်၊ လှံနှင့် ဗန်တိုပြကွက်၊ အတိုက်ပြကွက်များဖြင့် သရုပ်ပြသကြသည်။ ဂျပန်လူမျိုးများ၏ ရိုးရာကိုယ်ခံပညာရပ်တစ်ခုဖြစ်သည့် ကရာတေးဒို ကစားနည်းများ၊ လက်သီးထိုးနည်း၊ ကာနည်း၊ ခြေကန်နည်းနှင့် ရိုက်နည်းစနစ်များ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ကစားနိုင်သော အုပ်စုလိုက် "ခတ" ကစားပုံများ၊ အခြေခံနည်းစနစ်များနှင့် အသုံးချပုံများကို ကရာတေးဒိုအဖွဲ့ချုပ်မှ ကစားသမား၇၀ကျော်တို့က ပရိသတ်များ စိတ်ဝင်စားလာစေရန် သရုပ်ပြသသွားကြသည်။

တိုက်ကွမ်ဒို

ထို့နောက် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ လူငယ်အားကစားသမားများက တိုက်ကွမ်ဒိုနည်းစနစ်များကို အသုံးပြု၍ လက်သီးထိုးခြင်း၊ တားဆီးခြင်း၊ အဆင့်မြင့်လှုပ်ရှားခြင်း၊ ခြေကန်ခြင်း၊ အဖွဲ့လိုက်လှုပ်ရှားပြသခြင်းများကို သရုပ်ပြသကြသည်။ တိုက်ကွမ်ဒိုပညာရပ်မှာ ကိုရီးယားလူမျိုးစုများ၏ ရိုးရာအားကစားနည်းတစ်ခု ဖြစ်ပြီး ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၁၈၀ကျော်ရှိပြီး အားကစားသမား ၇၀ကျော် ကစားနေကြကြောင်း သိရသည်။ တိုက်ကွမ်ဒို ကစားနည်းမှာ အိုလံပစ်အားကစားနည်းတစ်ခု ဖြစ်နေပြီး မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက် လက်မှတ်ရရှိသူ ၁၂၀ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အားကစားသမားတစ်ဦး ဤသို့ ထိုက်ချီချွမ် သရုပ်ပြသခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ လက်ရွေးစင်နှင့် လူငယ်မျိုးဆက်သစ် ကစားသမားများက စုပေါင်းလှုပ်ရှား ကစားနည်းများ၊ နန်းချွမ်၊ နှစ်ဖက်သွားဓား၊ မျောက်တုတ်၊ အရက်မူးဝါး၊ ထိုက်ချီချွမ်နှင့် ယပ်တောင်အလှ သရုပ်ပြကွက်များဖြင့် သရုပ်ပြသကြရာ ပရိသတ်များ အကြိုက်တွေ့ခဲ့ကြသည်။ ဝူရှူးအားကစားနည်းမှာ တရုတ်လူမျိုးများ၏ ကိုယ်ခံပညာရပ်တစ်ခုဖြစ်ပြီး အားကစားနည်းအဖြစ်သာမက ကျန်းမာရေးအတွက်ပါ အထောက်အကူပြုသော အားကစားနည်းဖြစ်သည်။

အားကစားနည်း ၂၉ခု

နွေရာသီ အားကစားသင်တန်းများအဖြစ် စက်ဘီး၊ ဘော်လီဘော၊ လက်ဝှေ့၊ ခြင်းလုံး၊ ကြက်တောင်၊ ကျွမ်းဘား၊မြားပစ်၊ဘောလုံး၊တင်းနစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဝူရှူး၊ ကရာတေးဒို၊ ရေကူး၊အေရိုးဗစ်၊ သိုင်း၊ ဘတ်စကက်ဘော၊လှေလှော်၊ပြေးခုန်ပစ်၊ ဟော်ကီ၊ ခရစ်ကက်၊ ရွက်လှေ၊ အလေးမ၊ စစ်တုရင်၊ ကာယဗလ၊ ဘော့စ်ဘောနှင့်စားပွဲတင်တင်းနစ်အားကစားနည်း ၂၉ခု ဖွင့်လှစ်နေပြီး သင်တန်းကာလမှာ မတ်၃ရက်မှ ဧပြီ၁၀ရက်အထိ ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၈ခုနှစ် အခြေခံနွေရာသီ အားကစားသင်တန်းဖွင့်ပွဲ၌ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အမျိုးသမီးအားကစားသမားတစ်ဦးက ယပ်တောင်အလှပြကွက်ဖြင့် သရုပ်ပြခဲ့ရာဝယ်....

မြန်မာ့ရုပ်မြင်သံကြား

၁၀-၃-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅ ၇။ နတ်သားတောရေလှောင်တမံ
၈း၂၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရသစာပေအထူးပြု) (ရသစာပေအရေးအသား)
၁၆း၅၅ ၅။ အကပဒေသာ
၁၇း၁၀ ၆။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၇း၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
၁၇း၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၀ ၉။ **ချစ်လွန်းလို့** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၁၈း၅၀ ၁၄။ တေးဂီတအစီအစဉ်
၁၉း၀၅ ၁၅။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်--ချစ်တယ်** (အပိုင်း-၆)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်**(အပိုင်း-၁၀)

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့ (၁)

တိုင်းရင်းသားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ ဌာနစုံ၊ လူထုလူတန်းစားစုံ၊ ကဏ္ဍစုံ ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်သည့် အမျိုးသားညီလာခံကြီးသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ထိုအမျိုးသားညီလာခံကြီးမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရာ၌ ပါဝင်အခြေခံရမည့် အခန်းလိုက်ခေါင်းစဉ် ၁၅ခုအတွက် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမျိုးသားညီလာခံတွင်ချမှတ်ခဲ့သော အခြေခံမူများ အသေးစိတ်အခြေခံရမည့်မူများကို အခြေခံလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရန် ၁၈-၁၀-၂၀၀၇ ရက်နေ့တွင် ကြေညာချက်အမှတ် ၂/၂၀၀၇ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်တွင် အဖွဲ့ဝင် ၅၄ဦးပါဝင်သည်။ ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားစုံ ဥပဒေပညာရှင်များ၊ အတွေ့အကြုံရင့်ကျက်သောနိုင်ငံသားများ၊ ပညာရှင်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အတွေ့အကြုံဗဟုသုတ ကြွယ်ဝသူများပါဝင်သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့တွင် ကော်မရှင်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ရေးဆွဲခဲ့ရာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးစီးသဖြင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီအစည်းအဝေး၌ အတည်ပြုမော်ကွန်းတင် လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့စွဲပါ ကြေညာချက် အမှတ် ၁/၂၀၀၈ ထုတ်ပြန်ကာ ရေးဆွဲပြီးဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူတို့၏ ထောက်ခံဆန္ဒဖြင့် အတည်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယနေ့ အချိန်အခါတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည်နေသည့်အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်း ဖော်ဆောင်နေကြပြီ။

တစ်ဆက်တည်းပင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့စွဲပါ ကြေညာချက် အမှတ် ၂/၂၀၀၈ဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲက အတည်ပြုပေးလိုက်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးမည်ဟု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာသိ၊ ကမ္ဘာသိ အသိပေးကြေညာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေး ခြေလှမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် လှမ်းတက်နေကြောင်း ဤကြေညာချက်များ၊ လုပ်ငန်းရပ်များက အထင်အရှားပြသနေပေသည်။

ခိုင်မျိုးညီလာအောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်၁/၂၀၀၈ဖြင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် အခန်း ၁၂ခန်း ပါဝင်သည်။ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပခြင်း၊ အခန်း(၃) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်း၊ အခန်း(၄) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၅) မဲစာရင်းများပြုစုခြင်း၊ အခန်း(၆) ဆန္ဒမဲပေးခြင်း၊ အခန်း(၇) ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း၊ အခန်း(၈) ဆန္ဒမဲရေတွက်ခြင်း၊ အခန်း(၉) ဆန္ဒမဲများကြေညာခြင်း၊ အခန်း(၁၀) တားမြစ်ချက်နှင့် ပြစ်ဒဏ်၊ အခန်း(၁၁) ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း၊ အခန်း(၁၂) အထွေထွေ စသည်တို့ ပါဝင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှာပင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် ၁/၂၀၀၈ဖြင့် ပြဋ္ဌာန်းထားသော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၏ အခန်း(၃) ပုဒ်မ ၅(က)အရ အဖွဲ့ဝင် ၄၅ဦးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းကြေညာလိုက်သည်။

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းကျင့်သုံးကြစမြဲဖြစ်သည်။ တိုင်းတစ်ပါးသား နယ်ချဲ့များလက်အောက်ကျရောက်သော နိုင်ငံ၊ ဖက်ဆစ်အာဏာရှင်နိုင်ငံ၊ ပဒေသရာဇ် ဧကရာဇ်တို့ အုပ်စိုးသောနိုင်ငံများတွင် အခြေခံဥပဒေမရှိပေ။ ရှိလျှင်လည်း အုပ်စိုးသူတို့ စိတ်ကြိုက်ဥပဒေ၊ အုပ်ချုပ်ရေးပုံစံ၊ တရားစီရင်ရေးစနစ်ဖြင့် စခန်းသွားလေ့ရှိသည်။

၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သော မြန်မာနိုင်ငံသည် အခြေခံဥပဒေတစ်ရပ်ကို ၁၉၄၇ ခုနှစ်မှ စတင်ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ သို့သော်လည်း ထိုအခြေခံဥပဒေမှာ သူ့ကျွန်ဘဝ၌ ရေးဆွဲရခြင်း၊ ပြည်ပ ပယောဂဝင်နေသော ပဒေသရာဇ်စော်ဘွားအချို့၏ အကျပ်ကိုင်ခံရခြင်း၊ အခြေခံဥပဒေအတည်မပြုမီ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရခြင်း၊ လွတ်လပ်ရေးအမီ ဒရောသောပါး ရေးဆွဲရခြင်းတို့ကြောင့် ပြည်ထောင်စုကြီး ကွဲအက်ရေး၊ ခွဲထွက်ရေးလှုပ်ရှားမှုတို့ဖြင့် တစ်ဇာတ်သိမ်းခဲ့ရသည်။ မည်သို့ပင်ဆိုစေ၊ ယင်း ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ပြည်သူထံချမပြနိုင်ခဲ့၊ ပြည်သူ့ဆန္ဒခံယူ အတည်ပြုနိုင်ခြင်း မရှိခဲ့ပေ။ လွတ်လပ်ရေးရတော့မည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် ထေခဲ့ကြရသည်။

၁၉၇၄ခုနှစ် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြည်သူအများစု ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြုခဲ့သည်။ ယင်းအခြေခံဥပဒေပါ ဆိုရှယ်လစ်လမ်းစဉ်၊ ဆိုရှယ်လစ်မူများကို မကြိုက်ကြဟု ဆန့်ကျင်ကန့်ကွက်ခဲ့ကြသဖြင့် ၁၉၈၈ခုနှစ်တွင် တစ်စခန်းသိမ်းသွားရပြန်သည်။ မည်သို့ဆိုစေ၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ထောက်ခံမဲများဖြင့် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

၁၉၈၈ခုနှစ်တွင် လက်ဝဲ(ကွန်မြူနစ်မျိုးစုံ)၊ လက်ယာ(အနောက်မျှော် အုပ်စုမျိုးစုံ)၊ မြေပေါ်(အာဏာရလိုသူ နိုင်ငံရေးတောကြောင်များနှင့် ပွဲလှန့်ဖျာခင်း ဖောက်ထွင်းလုယက်ကြသော တောကြောင်မျိုးစုံ)၊ မြေအောက်(လက်နက်ကိုင် သောင်းကျန်းကာ လုယက်သတ်ဖြတ် ရွာမီးရှို့၊ ဘိန်းမှောင်ခိုလုပ်ငန်းဖြင့် စီးပွားတက်နေသော သောင်းကျန်းမျိုးစုံ)၊ ပြည်ပ(မြန်မာ့လွတ်လပ်ရေးကို ပြန်လည်သိမ်းယူကာ နိုင်ငံကို စိုးမိုးခြယ်လှယ်သွေးစုပ်ရန် ချောင်းနေသော ကိုလိုနီနယ်ချဲ့မျိုးစုံ)တို့၏ တိုင်းဆူ ပြည်ဖျက်၊ ပြည်ထောင်စုဖြိုချပွဲကြီးကို ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်ပြီး တပ်မတော်က ကာကွယ် စောင့်ရှောက်ခဲ့ရသည်။ ဤတွင် “ဒီတစ်ပွဲတော့ မြန်မာနိုင်ငံဟာ တို့လက်ထဲရောက်တော့မယ်၊ တို့စီးပွားရေး စားကျက်တွေ၊ စစ်စခန်းတွေ ဖြန့်ကြက်ချထားနိုင်တော့မယ်၊ မြန်မာ့မြေပေါ်က ကြွယ်ဝလှတဲ့ ရေမြေသယံဇာတ ဓနဉစ္စာများကို တို့ပိုင်ပြီ”ဟု တွက်ထားသော နယ်ချဲ့အုပ်စု ဆွေ့ဆွေ့ခုန်ခဲ့သည်။ ထို ၁၉၈၈ ခုနှစ်နှောင်းပိုင်းမှစပြီး မြန်မာနိုင်ငံကို မီဒီယာ(ဝါဒဖြန့်) လက်နက်စုံသုံး၊ စီးပွားရေး ပိတ်ဆို့နှောင့်ယှက်နည်းစုံသုံး မြန်မာနိုင်ငံ ဖြိုချဖျက်ဆီးရေး မဟာဗျူဟာ ချမှတ်ကာ အဖျက်အမှောင့်လုပ်ရပ်များ ဆက်တိုက်လုပ်ခဲ့သည်။ အမျိုးသားသစ္စာကြီးမားသော တပ်မတော်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာသော မြန်မာတိုင်းရင်းသားတို့ကို အဆက်မပြတ် ထိုးနှက်တိုက်ခိုက်လာခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်အစိုးရ)က ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဖရိုဖရဲဖြစ်နေသော နိုင်ငံတော်ကို တည်ငြိမ်အောင်၊ ကျူးကျော်မခံရအောင်၊ ရပ်ရွာအေးချမ်းပြီး ဥပဒေစိုးမိုးအောင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင် ကျားကုတ်ကျားခဲ ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ အဆောက်အအုံများ စတင်တည်ဆောက်ခဲ့သည်။ လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ပြည်ထောင်စုဖွံ့ဖြိုးရေးကို အစိုးရ၊ ပြည်သူတို့နှင့် အတူ လက်တွဲလုပ်နိုင်အောင် တွေ့ဆုံဆွေးနွေး ဖိတ်ခေါ်ခဲ့သည်။

၁၉၉၇ခုနှစ်မှစပြီး တပ်မတော်အစိုးရက နိုင်ငံတော်၌ ငြိမ်းချမ်းတည်ငြိမ်လာပြီဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အား၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်ထောင်စုတစ်ဝန်း နယ်စပ်မကျန်၊ ကျေးလက်မချန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

နိုင်ငံတော် ငြိမ်းချမ်းတည်ငြိမ်မှုရယူပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဆင့်လှမ်းတက်ရန် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခဲ့သည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည်နေသည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းဖော်ဆောင်နေကြပြီ ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေကောင်း၊ အချိန်အခါကောင်းတွင် ဘေးပယောဂများကို ယုံစား၍လည်းကောင်း၊ မိမိကိုယ်တိုင် ပညာ၊ ဗဟုသုတ မပြည့်ဝ အားနည်း၍လည်းကောင်း အခွင့်အရေးကို လက်လွှတ် ခံလိုက်ပါက နောက်တစ်ကြိမ် အလားတူ အခွင့်အရေးမျိုး ထပ်မံရရှိရန် နှစ်ပရိစ္ဆေဒ မည်မျှကြာအောင် စောင့်ဆိုင်းရမည်ကို မသိနိုင်၊ မတွေးနိုင်၊ မမှန်းဆရဲနိုင်။

မိမိတို့၏ အနာဂတ်မပျောက်ပျက်အောင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို လိုက်လိုက်လှဲလှဲ ကြိုဆိုသင့်ကြပြီဟု အလေးအနက် ဆိုလိုက်ချင်သည်။ ။

(၇၅)နှစ်မြောက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

သတင်းမြင်ကွင်း–မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

ရန်ကုန် မတ် ၉

၁၉၃၃ခုနှစ်က စတင်တည်ထောင်ခဲ့သော နှင်းဆီကုန်း ဘိုးဘွားရိပ်သာသည် ယခု ၂၀၀၈ခုနှစ်၌ (၇၅)နှစ်ပြည့်ပြီ ဖြစ်သည်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ မတ် ၉ ရက် နံနက် ၈ နာရီကကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ(၇၅)နှစ်မြောက် စိန်ရတုနှစ်ကျင်းပခြင်းနှင့် ပတ်သက်ပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်က ရှင်းလင်းတင်ပြသည့်အခါ နှင်းဆီကုန်းဘိုးဘွား ရိပ်သာကို စတင်တည်ထောင်ခဲ့သော တိုင်းကျိုးပြည်ကျိုး ဆောင်ဘွဲ့ရ ဒေါ်ဦးဇွန်း(ခ)ဘွားသီလရှင် ဒေါ်သုမာလာ၊ ရိပ်သာကြီးအား ဆက်လက် တည်ထောင်ခဲ့သူ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်းဦးတင်၊ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာကို အစဉ်အဆက်မပြတ် စောင့်ရှောက်ခဲ့ကြသည့် စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘိုးဘွားများ၊ အလှူရှင်များမှ အစပြုပြီး သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သတ္တဝါဟူသမျှတို့အား ကျေးဇူးတင်ကြောင်းနှင့် ကုသိုလ်အမျှ ပေးဝေမှုသည် လှိုက်လှိုက်လှဲလှဲ ကြည်နူး ကုသိုလ်စိတ် ဖြစ်ရသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတုနှစ် ဂုဏ်ပြုရတုပိုဒ်စုံကို အဆိုတော် ရီရီသန့်က ဂုဏ်ပြုသီဆိုပေးပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ မော်ကွန်းစာနှင့် ရိပ်သာ၏ကျေးဇူးရှင်ကြီးဖြစ်သည့် တိုင်းကျိုး ပြည်ကျိုး ဆောင်ဘွဲ့ရ ဒေါ်ဦးဇွန်း၊ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင်တို့၏ ပုံတူပန်းချီကားကြီးများကို တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့် ဇနီးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဒေါ်ဦးဇွန်းနှင့် မြန်မာ့အလင်း ဦးတင်တို့၏ ပုံတူပန်းချီကားများမှာ ကျက်သရေရှိရှိ ခံ့ခံ့ထည်ထည်ဖြစ်ကာ တိုင်းကျိုးပြည်ကျိုးဆောင်ပုဂ္ဂိုလ်တို့၏ ထူးခြားသောဟန်ပန်များ အထင်းသား ပေါ်လွင်လျက်ရှိသည်။

ဘိုးဘွားဆောင်သစ်

မတ် ၉ရက်က (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်လိုက်သော ဒေါ်ဦးဇွန်း အထိမ်းအမှတ် လေးထပ်ဘိုးဘွား ဆောင်သစ်ကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဖွင့်လှစ်

ထို့နောက် ဒေါ်ဦးဇွန်းအထိမ်းအမှတ် လေးထပ်ဘိုးဘွား ဆောင်ကြီးအား မတည်လှူဒါန်းကြသောအလှူရှင်များ၊ စိန်ရတုနှစ်ကို ဂုဏ်ပြုရေးသား ကူညီပေးခဲ့ကြသည့် စာရေးဆရာကြီးများအား ဂုဏ်ပြုမှတ်တမ်းများကို တာဝန်ရှိသူများက ချီးမြှင့်ပေးသည်။ ထို့အပြင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၇၅)နှစ်မြောက်စိန်ရတုကို ဂုဏ်ပြုသောအားဖြင့် ဒေါ်ဦးဇွန်း အထိမ်းအမှတ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးကို လည်း တာဝန်ရှိသူများက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်လိုက်သည့် ဒေါ်ဦးဇွန်း အထိမ်းအမှတ် လေးထပ်ဘိုးဘွား ဆောင်သစ်ကြီးသည် မြေညီထပ်၌ စားသောက်ဆောင်ပါရှိပြီး အဘိုး၊ အဘွား ၃၀၀ ခန့် တစ်ပြိုင်နက်တည်း စားသောက်နိုင်အောင် ကျယ်ဝန်းသည်။ ပထမထပ်၌ အဘွား ၈၀ နေထိုင်နိုင်ပြီး ဒုတိယထပ်၌ အဘိုး၈၀ နေထိုင်နိုင်အောင် ကျယ်ဝန်းလေသည်။ တတိယထပ်၌ စိန်ရတုခန်းမကျယ်ကြီး ရှိပြီး အလှူပွဲ၊ မင်္ဂလာပွဲများ ကျင်းပနိုင်အောင် စီစဉ်ထားရာ လူ ၄၀၀ခန့်ဆံ့သည်အထိ ကျယ်ကျယ်ဝန်းဝန်းရှိသည်။

လှူဒါန်းနိုင်

ယခုဖွင့်လှစ်လိုက်သည့် စိန်ရတုအထိမ်းအမှတ်လေးထပ်ဘိုးဘွားဆောင် သစ်ကြီး၌ အပြီးသတ်မွမ်းမံမှုများအတွက် လှူဒါန်းလိုသူများ လှူဒါန်းနိုင်ခွင့်ရှိနေဆဲဖြစ်ကြောင်း သတင်းဒါနအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

(၅၈)ကြိမ်မြောက် ဘာလင် အပြည်ပြည်ဆိုင်ရာပွဲတော် ရုပ်ရှင်အကျိုးပြုလုပ်ငန်းများ ဆွေးနွေးဖလှယ်နိုင်ခဲ့

သတင်းမှတ်စု–မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

ရန်ကုန် မတ် ၉

မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်မြင့်မားရေး ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း အားကြိုးမာန်တက် ပါဝင်လုပ်ဆောင်လျက်ရှိပါတယ်။

ဆွေးနွေး

ဒီလို မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်မြင့်မားစေရေး အထောက်အကူပြုစေနိုင်တဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့ ဘာလင်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို သွားရောက်လေ့လာပြီး ဆွေးနွေးမှုတွေပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ဘာလင်ကိုသွားရောက်ခဲ့တဲ့ ရုပ်ရှင်ပွဲတော်နဲ့ ပတ်သက်ပြီး မြန်မာ့အလင်းက မေးမြန်းတဲ့အခါ **"ကျွန်တော့်ကို ဒီပွဲတက်ရောက်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ရွေးချယ်စေလွှတ်ခဲ့တာပါ။ ဒီလိုရွေးချယ်တဲ့အခါ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အနေနဲ့ရော ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်တစ်ဦးအနေနဲ့ပါ ရွေးချယ်ခဲ့တာပါ။ (၅၈)ကြိမ်မြောက် ဘာလင်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို တက်ရောက်ဖို့အတွက် ဘာလင်က ဖိတ်ကြားတဲ့အခါ မြန်မာနိုင်ငံက ရုပ်ရှင်နဲ့ပတ်သက်ပြီး တတ်ကျွမ်းဘွဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ဦး စေလွှတ်ဖို့ ဖိတ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဘာလင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ရုပ်ရှင်ပွဲတော်တစ်ခုပါပဲ"**လို့ ဦးမြင့်သိန်းဖေက ရှင်းပြပါတယ်။

ကြည့်ရှုလေ့လာ

ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ (၅၈)ကြိမ်မြောက် ဘာလင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ဟာ ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၇ နိုင်ငံ ရုပ်ရှင်ပညာရှင်၃၀ ကို အထူးဖိတ်ကြားပြီး ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ၊ လေ့လာရေး ခရီးစဉ်တွေနဲ့ နိုင်ငံတကာက ပါဝင်ပြသတဲ့ ရုပ်ရှင်တွေကို ကြည့်ရှုလေ့လာသုံးသပ်စေခြင်း ဖြစ်ပါတယ်။

ပြောကြား

ဘာလင်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်မှာ ပါဝင်ပြသတဲ့ရုပ်ရှင်ကားတွေနဲ့ ပါဝင်ဆင်နွှဲသူတွေကို မေးမြန်းတဲ့အခါ ဦးမြင့်သိန်းဖေက **"ဒီပွဲတော်မှာ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားပေါင်း ၅၀၀ ခန့် ပါဝင်ပြသကြပြီး နိုင်ငံအသီးသီးက ရုပ်ရှင်အနုပညာရှင် ၂၀၀၀ ကျော်ခန့်လည်း တက်ရောက်ခဲ့ပါတယ်။ ဒီပွဲတော်မှာ ပြသတဲ့ ရုပ်ရှင်ကားတွေကို ပြည်သူ ၄၀၀၀၀ ကျော်က လက်မှတ်တွေဝယ်ပြီး ကြည့်ကြပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်ပညာရှင်တွေကတော့ ရုပ်ရှင်ကားတွေကို ကြည့်ရှုသုံးသပ်ကြပါတယ်"**လို့ ဆက်လက်ပြောကြားပါတယ်။

စေလွှတ်သင်ကြား

ဒီလို ရုပ်ရှင်ပွဲတော်ကာလအတွင်းမှာ ဆွေးနွေးပွဲတွေ ပြုလုပ်ကြတဲ့အခါ မြန်မာနိုင်ငံက ရုပ်ရှင်အနုပညာ သင်တန်းသားတွေ ဂျာမနီနိုင်ငံသို့ စေလွှတ်သင်ကြားနိုင်ရေးကိစ္စနဲ့ မြန်မာနိုင်ငံမှာ ရုပ်ရှင်လာရိုက်ကူးမယ့် အခွင့်အလမ်းတွေ၊ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကိုလည်း ဦးမြင့်သိန်းဖေက ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဘာလင်ရုပ်ရှင်အကြောင်း သိကောင်းစရာတွေနဲ့ သူတို့ ရိုက်ကူးထားတဲ့ ဇာတ်လမ်းတို ရုပ်ရှင်လေးတွေကိုကြည့်ပြီး သုံးသပ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ နောက်ပြီး နာမည်ကြီး ရုပ်ရှင် ဇာတ်ကားတွေဖြစ်တဲ့ "Good-bye Lenin" လို ရုပ်ရှင်ကားတွေ ရိုက်ကူးခဲ့တဲ့နေရာ၊ ဇာတ်ကားရိုက်ပုံ ရိုက်နည်းတွေကအစ လေ့လာနိုင်ခဲ့ပါတယ်။

လေ့လာခဲ့

ဒီပွဲတော်မှာ တစ်ကမ္ဘာလုံးက ရုပ်ရှင်နဲ့ ပတ်သက်ပြီး ထူးချွန်မယ့် ကလေးတွေကို ဖိတ်ကြားထားတာမို့ အဲဒီကလေးတွေနဲ့တွေ့ဆုံပြီး သူတို့တွေရဲ့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆောင်ရွက်မှုတွေကို လေ့လာခဲ့တယ်လို့ ဆိုပါတယ်။

ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ အစည်းအဝေးများကို ဤသို့ ကျင်းပခဲ့သည်။

အဲဒီ ဘာလင်ရုပ်ရှင်ပွဲတော်အပြီးမှာ ရုရှားနိုင်ငံ မော်စကိုမြို့ကို ဖေဖော်ဝါရီ၁၇ ရက်မှ ၁၉ ရက်အထိ သွားရောက်ပြီး မြန်မာနိုင်ငံက ရုပ်ရှင်သင်တန်းသားတွေ စေလွှတ်နိုင်ဖို့နဲ့ မြန်မာနိုင်ငံမှာ ရုပ်ရှင် လာရောက် ရိုက်ကူးနိုင်ဖို့ ကိစ္စတွေ ဆွေးနွေးခဲ့တယ်လို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက မြန်မာ့အလင်းကို ပြောပြပါတယ်။

ထိုးဖောက်

(၅၈)ကြိမ်မြောက် ဘာလင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့တာဟာ မြန်မာ့ရုပ်ရှင်ကနိုင်ငံတကာထိုးဖောက်တဲ့နေရာမှာ ရုပ်ရှင်ဇာတ်ကားကြီးတွေထက် ဇာတ်လမ်းတို မှတ်တမ်းကားတွေနဲ့ ထိုးဖောက်ရင် ပိုပြီးထိရောက်နိုင်မယ်ဆိုတာ သတိပြုမိခဲ့ပါတယ်လို့ ဦးမြင့်သိန်းဖေက ပြောပြခဲ့ပါတယ်။ ဒါကြောင့်မို့ မြန်မာ့ရုပ်ရှင် တိုးတက်ဖွံ့ဖြိုးဖို့အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အပါအဝင် ရုပ်ရှင်လောကသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရဦးမှာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

Postdam Film Museum မှာ ပြသထားသော ခေတ်အဆက်ဆက်မှ ရုပ်ရှင်ကင်မရာများကို ဤသို့ တွေ့ရသည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်း တိုးတက်မြင့်မားစေရေး အထောက်အကူပြုစေနိုင်တဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့ ဘာလင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို သွားရောက်လေ့လာပြီး ဆွေးနွေးမှုတွေပြုလုပ်ခဲ့။

10-3 (11) 1 3/10/08, 2:30 AM

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေးနှင့်လုပ်ငန်းစဉ်များဆိုင်ရာ အစည်းအဝေးများကျင်းပ

နေပြည်တော် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၆ရက် နံနက် ၁၀နာရီက စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ဦးဇော်ဝင်း နှစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဝိဇ္ဇာလမ်း အမှတ်၂၇နေ ဇနီး ဒေါ်သန်းအေးနှင့် သားသမီး၊ မြေးမိသားစုတို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၈)တွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြပြီး တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃ နာရီက တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုသင်တန်းသား ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စားလှယ်များက ပြန်လည်တင်ပြ ဆွေးနွေးကြသည်။

ညစာတည်ခင်း

ထို့နောက် တက္ကသိုလ် ကောင်စီဥက္ကဋ္ဌ တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က တည်ခင်း ဧည့်ခံသည့် မဟာပညာရေးဘွဲ့သင်တန်း အမှတ်စဉ်(၉)၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း အမှတ်စဉ် (၁၇)၊ ပညာရေးဘွဲ့ (ပေါင်းကူး) နှစ်နှစ်သင်တန်း အမှတ်စဉ်(၃)၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ် (၃၉)၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း အမှတ်စဉ်(၆)နှင့် အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၇)တို့မှ သင်တန်းသားသင်တန်းသူများအား ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲကို ညနေ ၆နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ရင်ပြင်၌ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	'သေမင်းမမြင် သုညရွာ' တရားတော် (ရွှေနံ့သာအရှင်ဉာဏောဘာသ)
၈:၀၀ – ၂:၀၀	Soccer Update
၈:၁၅ – ၂:၁၅	ပွင့်သောပန်းများ လန်းစေချင်သည်
၈:၃၀ – ၂:၃၀	စိတ္တာနုပဿနာ (အပိုင်း–၁) (ဆရာကြီး ဦးငွေအောင်)
၈:၅၅ – ၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀ – ၃:၀၀	သွင်းကုန်အစားထိုး စာရေးကိရိယာ ပစ္စည်းတစ်မျိုး
၉:၁၅ – ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ – ၃:၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ပါမောက္ခ မင်းဓာတု)
၉:၄၅ – ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ – ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ – ၃:၅၅	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၀:၁၅ – ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀– ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅ – ၄:၂၅	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ
၁၀:၃၅ – ၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅ – ၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀ – ၄:၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်း ရောဂါအကြောင်း သိကောင်းစရာ) (ပါမောက္ခ ဒေါက်တာ ခင်မေစန်းနှင့်တွေ့ဆုံခြင်း)
၁၁:၃၅ – ၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ – ၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅ – ၅:၄၅	စဉ့်ကူးမြို့မှအလင်းအိမ်
၁၂:၀၅ – ၆:၀၅	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ စိုးကျော်ဆန်း)
၁၂:၃၀ – ၆:၃၀	ပညာရန့် မွှေးပျံ့သင်းထုံ စာပန်းရုံ
၁၂:၄၅ – ၆:၄၅	တေးဂီတအစီအစဉ်
၁၂:၅၀ – ၆:၅၀	ထူးထူးခြားခြားရာသီဥတု ဖြစ်စဉ်များ
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရွှေပြည်သာမြို့နယ် အမှတ်(၃၆)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း(၁/၂၀၀၈) ဆင်းပွဲကို မတ် ၃ရက်က ကျင်းပရာ သင်တန်း၌ ဆုရရှိသူတစ်ဦးအား မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေက ဆုချီးမြှင့်စဉ်။ (က–ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနား ဇီးကုန်းကျေးရွာဆေးပေးခန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာသို့ရောက်ရှိပြီး ရှမ်းစုလေးရွာနှင့် ဇီးကုန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်ပေ ၁၁၉၅၀နှင့် အနံပေ၂၀ရှိ မြေသားလမ်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတွင် နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေ၊ နေကြာစိုက်ခင်းနှင့် ပဲစိုက်ခင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သာသနာ့ဟိတကာရီ ဇီးကုန်း အနောက်ကျောင်းတိုက်သို့ သွားရောက်၍ နေပြည်တော်ပျဉ်းမနား သံဃနာယကဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးဉာဏဝံသနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား ဇီးကုန်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

လှူဒါန်း

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး **(ဝဲပုံ)**သည် ဇီးကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် ငွေကျပ်တစ်သိန်း၊ စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းနှင့် စာစောင်များပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

လက်ခံ

ဆက်လက်၍ ဇီးကုန်းကျေးရွာ ကျေးလက် ကျန်းမာရေး ဌာနခွဲသို့ အလှူရှင် အသီးသီးတို့က အလှူငွေများ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီးကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ကျေးလက် ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ နေပြည်တော် ပျဉ်းမနား ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ကျေးလက် ကျန်းမာရေးဆေးပေးခန်းအတွက် ဆေးပဒေသာပင် အလှူငွေစုစုပေါင်းငွေ ကျပ် ၆၅၅၀၀၀ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြော

ရန်ကုန် မတ် ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လားရှိုးမြို့ ယာဉ်လိုင်းအသီးသီးမှဂိတ်မှူးများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျလိုက်နာရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေးတို့အတွက် ပညာပေးဟောပြောပွဲများကို မတ် ၄ရက် မွန်းလွဲ ၂နာရီက မန်ဆူ ယာဉ်ဝင်းတွင်လည်းကောင်း၊ ၅ရက် နံနက် ၁၀နာရီက ၄၁ယာဉ်ဝင်းတွင် လည်းကောင်း ကျင်းပသည်။

ဟောပြောပွဲတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးကျော်လှနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေးအတွက် ဝန်ကြီးဌာနနှင့် ရုံးချုပ်၏ညွှန်ကြားချက်များ၊ မော်တော်ယာဉ်ဥပဒေ၊လုပ်ငန်းလိုင်စင်စည်းကမ်းဥပဒေများကို အကျယ်တဝင့်ဆွေးနွေးကာ ဟောပြောခဲ့သည်။ **(က–ပ)**

လယ်တီဆရာတော်ဘုရားကြီး၏
ဘဝဖြစ်တော်စဉ် ထေရုပ္ပတ္တိ ကို
ဦးသောင်းမှိန်(မြတ်ဆုမွန်)

KMD Computer Centre
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation :: Basic SE
:: Advanced SE :: Software Engineering :: Software Engineering in Database & E-Commerce :: LCCI Courses :: Networking Courses

သဲအင်းဂူ ခုနစ်ရက်အစိဋ္ဌာန်တရားပွဲ

ရန်ကုန် မတ် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်တရားပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ မတ် ၁၆ ရက်မှ ၂၃ ရက်အထိ ခုနစ်ရက်တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ စခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယပဓာန ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်)အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ မတ် ၁၅ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လိပ်စာပြောင်းရွှေ့ခြင်း
MTG
Myanmar Technology Gateway Co., Ltd.
e.mail - mtgateway@myanmar.com.mm

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ပါကစ္စတန်ရွေးကောက်ပွဲ၌ အနိုင်ရသော ပါတီခေါင်းဆောင်နှစ်ဦး ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူလက်မှတ်ရေးထိုး

အစ္စလမ္မာဘတ် မတ် ၉

ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပါတီနှစ်ခု၏ ခေါင်းဆောင်များသည် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီချက်တစ်ရပ်ကိုလက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း မတ် ၉ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

လက်မှတ်ရေးထိုး

ဝန်ကြီးချုပ်ဟောင်း ဘာနာဇာဘူတို၏ခင်ပွန်း အဆစ်အလီဇာဒါရီနှင့် ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်တို့(အပေါ်ပုံ)**သည် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။**

တောင်းဆို

ယင်းတို့နှစ်ဦးသည် သမ္မတပါဗက်ဇ်မူရှာရက်ဖ်အား ပါလီမန်ခေါ်ယူပေးရန် တောင်းဆိုလိုက်သည်။

၎င်းသဘောတူညီချက်အရ ဘာနာဇာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)နှင့်မစ္စတာနဝပ်ရှရစ်ဖ်၏ ပီအမ်အယ်လ်(အင်န်)ပါတီတို့သည် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ဆိုသည်။

(အင်တာနက်)

အာကြီးတို့ နှစ်မှတ်ဆုံးရှုံးခဲ့ရပြန်

လန်ဒန် မတ် ၉

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို မတ် ၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အာကြီးတို့ အဝေးကွင်း၌ ဝီဂန်ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့ရာ အာစင်ဝင်းဂါး၏ ပရီမီယာလိဂ်ဖလားရယူရေးခရီးလမ်း၌ အဖုအထစ်သဖွယ် ဖြစ်ခဲ့ရသည်။

ဂိုးမရှိသရေ

အာဆင်နယ်သည် ဝီဂန်အိမ်ကွင်း၌ ကစားရမည့်ပွဲအတွက် လူစုံထုတ်ကစားခဲ့သည်။ အဒီဘာယောနှင့် ဘင့်တနာတို့ တိုက်စစ်အတွဲက ဝီဂန်နောက်တန်းကို ၁၀ကြိမ်ထိုးဖောက် ကစားနိုင်ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးမျှမသွင်းနိုင်ခဲ့ပေ။ ဝီဂန်တို့က အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ပြီး ပွဲချိန်ပြီးခါနီး၌ ဖိကစားနိုင်ခဲ့သည်။ ဝီဂန်တို့က အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်မှူးမာလွန်ကင်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့၍ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

ဝီဂန်နှင့် အာဆင်နယ်တို့ ပွဲတွင် အာဆင်နယ်မှ ဆာနာ(ယာ) **က ဝီဂန်ဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။**
(အင်တာနက်ဓာတ်ပုံ)

စပါးနှင့် ဝက်စ်ဟမ်း

စပါးတို့ ဝိုက်ဟတ်လိန်း၌ ခြေစွမ်းပြကာ ဝက်စ်ဟမ်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ စပါးတို့ဝက်စ်ဟမ်းကို ၁၇ကြိမ် ဂိုးသွင်းခွင့်ရရှိပြီး ၁၀ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့ရာမှ လေးဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ စပါးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးဘာဘာတော့ဗ်က ကိုးမိနစ်နှင့် ၁၁မိနစ်၌ တစ်ဦးတည်း နှစ်ဂိုးစလုံး ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ စပါးအတွက် တတိယဂိုးကို ပွဲချိန် ၈၅မိနစ်၌ ဂီဘာတို့က ၁၈ကိုက်အကွာမှ ဘယ်ခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် သုံးဂိုးရရှိနေရာမှ တိုက်စစ်မှူး ဒါရင်ဘင့်က မိနစ် ၉၀၌ တစ်ဂိုးသွင်းယူခဲ့၍ စပါးတို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မစ်ဒယ်ဘာရော့နှင့် ကာဒစ်ဖ်တို့ပွဲ၌ ကာဒစ်ဖ်မှ အာရွန်ရမ်ဆေး(ယာ)**နှင့် မစ်ဒယ်ဘာရော့မှ ရီချင်ဘတ်တို့ ဤသို့ ဘောလုံးရရှိရေး အကြိတ်အနယ် ကြိုးစားခဲ့ကြသည်။**
(အင်တာနက်ဓာတ်ပုံ)

အက်ဖ်အေဖလားပွဲမှ မစ်ဒယ်ဘာရော့တို့ ထွက်ခဲ့ရ

လန်ဒန် မတ် ၉

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်၉ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အိမ်ကွင်း၌ မစ်ဒယ်ဘာရော့တို့ နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီပြန်ဖြစ်သည်။

ယခုပွဲ မစ်ဒယ်ဘာရော့ရှုံးနိမ့်ခဲ့ခြင်းမှာ ပရီမီယာလိဂ်အသင်းများ အက်ဖ်အေဖလားကွာတားဖိုင်နယ်၌ ထွက်ခဲ့ရသည့်သုံးသင်းမြောက်အသင်းလည်းဖြစ်ခဲ့သည်။

နှစ်ဂိုးပြတ်နိုင်

ကာဒစ်ဖ်တို့က အပေးအယူမှန်မှန်ဖြင့် မစ်ဒယ်ဘာရော့ဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၉ မိနစ်၌ပင် ကာဒစ်ဖ်ကွင်းလယ်ကစားသမား ပီတာဝစ်တင်ဟမ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ကာဒစ်ဖ်တို့ ကစားအားတက်ပြီး ဆက်လက်ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ၂၃မိနစ်၌ ကာဒစ်ဖ်နောက်ခံလူ ဂျွန်ဆင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း၌ပင် ကာဒစ်ဖ်တို့က နှစ်ဂိုးပြတ်အနိုင်ရရှိထားသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ

ရွှေတောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

သတင်းထောက် ရဲထွဋ် (နွားမယံ)

ရွှေတောင် မတ် ၈

တန်ခိုးကြီးပြီး ထင်ရှားကျော်ကြားသည့် မြတ်ဗုဒ္ဓရုပ်ပွားတော်များတွင် ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်အတွင်း၌ သီတင်းသုံးစံပယ်တော်မူလျက်ရှိသော ရွှေမျက်မှန် ရုပ်ပွားတော်မြတ်ကြီးသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။

ဤနေရာတွင် ရွှေမျက်မှန်ရုပ်ပွားတော်မြတ်ကြီး၏နောက်ကြောင်းသမိုင်းကို သိရှိလိုကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွှေမျက်မှန်ရုပ်ပွားတော်မြတ်ကြီး၏ နောက်ကြောင်း သမိုင်းကို အကျဉ်းမျှဖော်ပြလိုပါသည်။

သရေခေတ္တရာခေတ်၊ ပျူခေတ်ကောင်းစားစဉ်ကာလဝယ် ဒွတ္တဘောင်မင်းကြီးနှင့် မိဖုရားကြီးတို့သည် ရွှေတောင်မြို့နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီးသို့ ဖူးမြော်ကြည်ညိုရန်နှင့်အသစ်ပြုပြင်ပူဇော်ရန် ကြွချီလာခဲ့သည်။ ခရီးတစ်ထောက်အဖြစ် ရွှေတောင်မြို့ တဲကုန်းရပ် (ယခင်ရှေးအခါက မင်းကြီးနှင့်မိဖုရားကြီးတည်းခိုသောနေရာဖြစ်သောကြောင့်တဲကုန်း) ခေါ်သောအရပ်တွင် ခေတ္တစခန်းချရာ ဗိဿနိုးမိဖုရားကြီးက မိမိတို့တည်းခိုသောနေရာ၏ အရှေ့မြောက် ယွန်းယွန်း နေရာတွင် ရုပ်ပွားတော်တစ်ဆူဖူးမြော်ရကြောင်း အိပ်မက်မြင်မက်သောနေရာကို ရှာဖွေကြသည်။ ယင်းသို့ ရှာဖွေရာ၌ ယခုရွှေမျက်မှန်စေတီတော်ကြီး တည်ထားကိုးကွယ်သောနေရာသို့ အရောက်တွင် ဘုရားရောင်ခြည်တော်ပုံသဏ္ဍာန် အရောင်မျိုးစုံဝင်းလက်ကာ ကောင်းကင်သို့အရောင်များတက်သွားသည်ကို မင်း၊ မိဖုရား၊ မှူးမတ် ပရိသတ်တို့ တွေ့မြင်ကြရသည်။ ထိုသို့ တွေ့မြင်ကြရာမှ မိမိတို့ ဘုရားတည်ကောင်းမှု ကုသိုလ်ပြုရန် နတ်ကောင်း နတ်မြတ်များက ပြသခြင်းဖြစ်သည်ဟု ယုံကြည်ကာ ရုပ်ပွားတော်ကြီးကို မဟာသက္ကရာဇ်(၂၅၀) ခုနှစ်တွင်တည်ထားကိုးကွယ်ခဲ့ပါသည်။ (ထိုစဉ်က ရွှေမျက်မှန်တပ်ဆင်ထားခြင်း မရှိသေးပါ။)

ဘုရားတည်ပြီးနောက်များမကြာမီ ဒွတ္တဘောင်မင်းကြီး၏ နတ်မျက်စိအလင်းရောင်ကွယ်သွားသဖြင့် ပညာရှိမှူးမတ်များအား ဗေဒင်ကိန်းခန်းများတွက်ချက်ကြည့်စေသောအခါ ဘုရားတွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် လိုက်ဖက်ညီသော မျက်လုံးတော် ပုံသဏ္ဍာန်နှင့် တူညီသည့် မှန်တစ်စုံကို လှူဒါန်းဆက်ကပ် ပူဇော်ရမည်ဟု တင်ပြလျှောက်ထားသဖြင့်

မြတ်စွာဘုရားရှင်နှင့်ရဟန္တာများ ဆွမ်းခံကြွနေစဉ်။

မင်းကြီးမှ မျက်လုံးတော်ပုံသဏ္ဍာန်နှင့် တူညီသည့် မှန်တစ်စုံကို ဆက်ကပ်လှူဒါန်းသဖြင့် မင်းကြီး၏ နတ်မျက်စိမှာ ပြန်လည်ပြီး အလင်းရောင်ရသွားကြောင်း သိရှိရပါသည်။

မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ် မတိုင်မီ ကုန်းဘောင်ခေတ်ကာလ၌ ဘာသာရေး မယုံကြည်ကြသည့် ဂိုဏ်းသားများပေါ်ပေါက်လာသဖြင့်သာသနာတော်ကို သက်ဝင်ယုံကြည်လာစေရန် ရွှေတောင်မြို့ မြို့စားကြီး ဇေယျနန္ဒမိတ်က(ဖျောက်ဆိပ်ကုန်း)ယခုသိမ်ကုန်း အနီးရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပြန်လည်ပြုပြင်၍ ရွှေသားအတိရှိသော မျက်မှန်တော်ကြီးကို တပ်ဆင်ပူဇော်ကိုးကွယ်ထားခဲ့ပါသည်။

၁၂၄၇ခုနှစ် သီပေါမင်း ပါတော်မူချိန်ခေတ်ကာလ၌ ထိုမျက်မှန်တော်ကြီး မသမာသူတို့ ခိုးယူသွားသဖြင့် ရွှေတောင်မြို့ ဝန်ထောက်ကြီး ဦးမဲက ဒုတိယမျက်မှန်တော်ကြီးကို ထပ်မံ ကိုးကွယ်ခဲ့သည်။ ခေတ်ကာလမကောင်းသဖြင့် ယခင် မျက်မှန်တော်ကဲ့သို့ မသမာသူများ ခိုးယူခံရမည်ကို စိုးရိမ်သဖြင့်ဘုရားတွင်ဌာပနာ၍ သိမ်းဆည်းကိုးကွယ်ထားခဲ့ပါသည်။ ထို့နောက် တတိယမျက်မှန်တော်ကြီးကိုရွှေတောင်မြို့ အရေးပိုင်မစ္စတာဟတ်တနီးမှသူ၏ ဇနီးမျက်စိရောဂါဖြစ်နေ၍ လောကီပညာတတ်ကျွမ်းသော ရွှေမျက်မှန်ကျောင်း ဘုန်းတော်ကြီး ဦးထောင်ဘိုအား ဆက်ကပ်ကိုးကွယ်ပြီး အကူအညီတောင်းသဖြင့်ဘုန်းတော်ကြီး ဦးထောင်ဘိုက ဘုရားတွင် မျက်မှန်လှူပါက မျက်စိရောဂါ ပျောက်ကင်းမည်ဖြစ်ကြောင်း ပြောဆို ကုစားပေးပါသည်။ မစ္စတာ ဟတ်တနီး၏ဇနီးမှာ မျက်စိရောဂါပျောက်ကင်းသွား၍ မျက်မှန်တစ်လက် ထပ်မံလှူဒါန်းပူဇော်ခဲ့သည်။ ထိုမျက်မှန်မှာ အနည်းငယ် ပျက်စီးယိုယွင်းလာသဖြင့် ယခုမျက်မှန်တော်ကို ရွှေတောင်မြို့သရက်တောရပ်ကွက် ဒေါ်ဆယ် မိသားစုမှ ဆက်လက်၍ ထပ်မံပြုပြင်လှူဒါန်းထားပါသည်။ထိုမှ တစ်ဖန် မြန်မာသက္ကရာဇ်(၁၃၆၂) ခုနှစ်တွင် ရန်ကုန်မြို့ ဦးဝိစာရ ရွှေလီလမ်းနေ ဦးလှဝင်း(ခ)ဦးရာဂျူး(ဇနီး) ဒေါ်ကြည်ကြည်ဝင်း မိသားစုတို့က ရွှေစင် ရွှေပြား ၃၉ ကျပ်သားကို မျက်မှန်တော်ကြီး၏ မူလပုံစံအတိုင်း ရှိစေလျက် ယင်းမျက်မှန်တော်၌ ကပ်လှူပူဇော်ခဲ့ကြပါသည်။

မျက်စိအလင်းကွယ်နေသည့် ဝေဒနာကို ခံစားနေရသည့်အတွက် ဆုတောင်းပြည့်ရွှေမျက်မှန်ရုပ်ပွားတော်မြတ်ကြီးတွင် အဓိဋ္ဌာန်အောင်၍ မျက်စိအလင်းရရှိခဲ့သူ ရန်ကုန် ထောက်ကြံ့မှ မောင်အောင်သက်ဦး(၂၅) နှစ်နှင့် မိခင်ဒေါ်လှမြင့်တို့ ၁၆-၁၂-၂၀၀၅ရက်တွင် အလှူငွေ ကျပ်တစ်သိန်းအား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဆွေထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ဘုရားကြီး၌ တပ်ဆင်လှူဒါန်းထားသည့် မျက်မှန်တော်ကြီးကို မွမ်းမံလှူဒါန်းလိုပါက ကန်တော့ပွဲများဖြင့် ပူဇော်၍ လှူဒါန်းဆောင်ရွက်ကြရပေသည်။ ၎င်းအပြင် မျက်မှန်တော်ကြီးကို ချွတ်၍ပြုပြင်နိုင်ခြင်းမရှိကြောင်း သိရှိရပေသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ပါမူ အချိန်အခါမဟုတ် လေပြင်းတိုက်ခြင်း၊ အချိန်အခါမဲ့ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လျှပ်စီးလက်၍မိုးကြိုးပစ်ခြင်းစသည့် ထူးခြားသောအခြေအနေများ ဖြစ်ပေါ်တတ်ပါသည်။ ဤဘုရားကြီး၌ ရှိသေလေးမြတ်စွာ အဓိဋ္ဌာန်ဆောက်တည် ကြည်ညိုပါက ရာထူးအာဏာ ဘုန်းတန်ခိုးထွန်းတောက် ပြည့်ဖြိုး အောင်မြင်ခြင်း၊ ကောင်းကျိုးရရှိခြင်းနှင့် မျှော်လင့်ချက်ဆန္ဒ ပြည့်စုံစေခြင်းများ ဒိဋ္ဌဓမ္မ တွေ့ကြုံခံစားရသည်ကို တွေ့ရှိရပါသည်။

၂၀၀၃ခုနှစ် ဇွန်လတွင်ရုတ်တရက် မျက်စိအလင်းကွယ်သည့် ဝေဒနာကို ခံစားနေရသည့် ထောက်ကြံ့မြို့ ၂/၂/၁၃၂ ပိတောက်လမ်းနေ ဦးခင်စိန်-ဒေါ်လှမြင့်တို့၏သားမောင်အောင်သက်ဦး(၂၅)နှစ်သည် ဆုတောင်းပြည့်ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိသည့်အခါတွင် မျက်စိအလင်း ပြန်လည်ရရှိစေရန် အဓိဋ္ဌာန်၍ ဂါထာတော်ကို နံနက်၊ညသက်စေ့ရွတ်ဖတ်ပူဇော်ခဲ့ရာ နှစ်လခန့်အကြာတွင် မျက်စိဝေဒနာပျောက်ကင်း၍ အလင်းပြန်လည် ရရှိခဲ့သည်ကို သိရှိရပါသည်။

ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သပ္ပာယ်စွာ ဖူးတွေ့မြင်ရစဉ်။

ရွှေမျက်မှန်ဘုရားကြီး
မျက်စိဝေဒနာ
ပျောက်ကင်းစေနိုင်သည့်
"ဂါထာတော်"

ဒက္ခိဏက္ခိစ - သူရိယော
ဝါမအက္ခိစ - စန္ဒိမာ
ဗုဒ္ဓစက္ခုန္နိ - ဓါတုယော
အဟံဝန္ဒာမိ သဗ္ဗဒါ
တေန ပုညကမ္မေန
စက္ခုရောဂေါ ဝိနဿတု။ ။

ဂါထာတော်ကို မြန်မာပြန်ရလျှင်

လက်ယာဘက်မျက်စိတော်၌ နေမင်းသည် တည်၏၊ လက်ဝဲဘက်မျက်စိတော်၌လည်း လမင်းသည် တည်၏။ ဘုရားရှင် ကိုယ်တော်မြတ်၏ မျက်စိတော်၊ ဓာတ်တော်တို့ကို တပည့်တော်သည် နေ့ရော၊ ညဉ့်ပါ အခါခပ်သိမ်း ရိုသေမြတ်နိုးစွာ ရှိခိုးပါ၏ အရှင်ဘုရား။ ဤသို့ရှိခိုးရသော ကောင်းမှုကံ စေတနာကြောင့် မျက်စိ၌ဖြစ်သော ရောဂါဝေဒနာသည် ကင်းစင်လွင့်ပျောက်ပါစေသတည်း။

အချုပ်ဆိုရသော် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် ရွှေတောင်မြို့၏ ကျက်သရေဆောင် "လူနတ်တည်ထောင်၊ ရွှေနတ်တောင်" စေတီတော်မြတ်ကြီးနှင့် "ဆုတောင်းပြည့်ရွှေမျက်မှန်" ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ကြည်ညိုသဒ္ဓါပွား ဖူးမြော်ကန်တော့နိုင်ကြရန် ဖိတ်မန္တက ပြုလိုက်ရပါကြောင်း။ ။

ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မုရစ်ကလေး-ဖံဖ-တကူပတီ-ကုလားတို့လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၇ရက်ကကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍လမ်းဖွင့်ပွဲမှခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်သည့် စာဝတီး - မန်သဲကျေး လက်ကျောက် ချောလမ်း ခင်းရန်အတွက် မြေပြုပြင်ဆောင်ရွက်ခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၆ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

"Home Sweet Home" ...
"LEO GROUP" Design & Decoration Centre
"LEO GROUP" ၏ဝန်ဆောင်မှုများ
Custom-made design
Architectural & Structural (Steel, R.C) Design
Custom-made Furniture
"LEO GROUP"

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၃)ရပ်ကွက် အကွက်အမှတ် ၎–၅၊ အိမ်အမှတ် ၉၅နေ (ဘ)ဦးချိန်မော်၏(သား)ဦးမောက်ကောင်းကျင် ၁၃/ကခန(နိုင်)၀၁၇၇၃၂ နှင့် မြစ်ကြီးနားမြို့ အမှတ် ၃၁၈၊ ကျွန်းပင်သာရပ်ကွက်နေ (ဘ)ဦးလီကြုံရည်၏သမီး ကျွန်မဒေါ်ကြည်ချွန်း ၁/မညန(နိုင်)၀၉၂၆၅၅ တို့သည် လွန်ခဲ့သည့် ကိုးနှစ်ကျော်ကာလမှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ယခုအခါ ခင်ပွန်းဖြစ်သူ ဦးမောက်ကောင်းကျင်သည် ကျွန်မ၏ ကိုယ်စိတ်ဆင်းရဲအောင် ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းမှုများကို အကြိမ်ကြိမ်ပြုမူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ ရာသက်ပန် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်ချွန်း ၁/မညန(နိုင်)၀၉၂၆၅၅
အမှတ် ၃၁၈၊ ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့။

မီးစက်ငှား/ရောင်းမည်

100 KVA/ 60 KVA

ဖုန်း–၂၂၄၇၃၂၊ ၀၉–၉၉–၇၃၆၁၆။

မွေးသက္ကရာဇ်အမှန်

ဦးထန်လျှန်ဟောက်၏ သားအထက(၂) တာဟန်း၊ ကလေးမြို့ တက္ကသိုလ်ဝင်တန်း(J)မှ မောင်မာန်ရှင်းလျှန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၉–၁၁–၁၉၉၁ ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်တင်မောင်မောင်အောင်၏ E.D.H လက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း–၂၉၂၇၅၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စောညီညီအောင်၏ ALLO TMENT ORDER ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

စောညီညီအောင် ဖုန်း–၆၄၁၀၃၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၀၆၈၅၉ Hension 125 m/c ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးအတား ၉/မကန (နိုင်) ၀၈၁၉၈၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)
မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၂၆စီ၂ မြေကွက်အမှတ် V၂၀၁၊ မြေကွက်တည်နေရာ အမှတ်(၇၀) အင်းစိန်လမ်း ကြည့်မြင်တိုင်မြို့နယ် (ဦးဟန်–ဒေါ်သိန်း) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဖခင် ဦးဟန်နှင့်မိခင်ဒေါ်သိန်းတို့ ကွယ်လွန်သဖြင့် ပိုင်/ချုပ် ၈၃/၁၉၉၂ဖြင့် ဒေါ်ခင်စန်းနှင့်ဦးချစ်စန်းတို့ပိုင်ဆိုင်ခဲ့ပြီး ဦးချစ်စန်း(ကွယ်လွန်)သဖြင့် ပူးတွဲပိုင်ရှင် ဒေါ်ခင်စန်း၁၂/ကမတ(နိုင်)၀၁၉၇၄၀(ဧနီး)ဖြစ်သူ ဒေါ်လုံး ၁၂/အလန(နိုင်)၀၁၆၆၇၁တို့က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများ သန့်ရှင်းသော သောက် သုံး ရေ ဖူလုံစွာ ရရှိစေရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်က မိတ္ထီလာမြို့နယ် ထိန်ကန်ကျေးရွာ၌ နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်း

လုပ်ငန်းခွင်သို့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းဝင်းဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခေါင်လန်ဖူးစည်ပင် သန့်ရှင်းရေး ဆောင်ရွက်

ခေါင်လန်ဖူး ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ခေါင်လန်ဖူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများသည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၇ရက်က မြို့ပေါ် လေးရပ်ကွက်အတွင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ပြည်နယ်စည်ပင်)**

ကျောက်ဆည်၌ ကွန်ကရစ်လမ်း ဆောက်လုပ်လှူဒါန်း

မြစ်သား ဖေဖော်ဝါရီ ၁၀

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရှမ်းပွဲရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးဝင်းမြင့်–ဒေါ်သန်းစိန်(WM)မိသားစု လှူဒါန်းသော ငွေကျပ်သိန်း၁၃၀ကျော်ဖြင့်အရှည်ပေ၅၀၀ရှိ အမှတ်၇လမ်းနှင့် ရွှေမုဋ္ဌောဘုရားလမ်းအား ကွန်ကရစ်ခင်း လမ်းသစ်အဖြစ် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် အလှူရှင် ဦးဝင်းမြင့်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက်လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို အလှူရှင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် ဂေါပကအဖွဲ့တို့အား ပေးအပ်သည်။ အဆိုပါလမ်းအား မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်အမှုဆောင်အရာရှိ၊ မြို့နယ်အသင်း အတွင်းရေးမှူး၊ ဂေါပကအဖွဲ့နှင့် အလှူရှင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ် ကျောက်စာတိုင်အား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်းက အမွှေးနံ့သာများပက်ဖျန်းပြီး လမ်းအားကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေတာရှည်အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရေတာရှည် မတ် ၃

ရေတာရှည်မြို့အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက အောင်ဆန်းခန်းမ၌ကျင်းပမည် ဖြစ်သည်။

အငြိမ်းစားဆရာ ဆရာမကြီး ၅၆ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံ ဆရာဆရာမကြီးများ ဧပြီ၅ ရက်(စနေနေ့)အရောက် ကြွရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူများ အလှူငွေများကို ထည့်ဝင်လိုပါက ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်(မိုးတည်းခိုခန်း)နှင့် အတွင်းရေးမှူး ဦးခင်မောင်ထွေး ဖုန်း–၀၅၄–၂၇၁၈၃တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။**(က–ပ)**

ကန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှစ်ပတ်လည်အစည်းအဝေးကျင်းပ

ဖျာပုံ မတ် ၂

ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကန်ကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ နှစ်ပတ်လည်အစည်းအဝေးနှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို မတ်၂ရက် နံနက်၉နာရီက ကန်ကျေးရွာ အောင်မြေချမ်းသာရကျောင်းတိုက် မဟာဘုံစံကျောင်း၌ကျင်းပသည်။

ထို့နောက် ငွေပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဦးတင်အေး–ဒေါ်စန်းစန်းဝင်း(ဇာနည်ကျော် ရေလုပ်ငန်း) မိသားစု ဖျာပုံမြို့က အလှူငွေကျပ်ငါးသိန်း၊ ကန်ပရဟိတ ငွေပဒေသာပင်က ငွေကျပ်နှစ်သိန်းငါးသောင်းနှင့် ဦးကျော်ခိုင်–ဒေါ်ဝင်းဝင်းမြတ်(ငြိမ်းချမ်းကျော် ရေလုပ်ငန်း) မိသားစု ဖျာပုံမြို့၊ ဦးညိုမြင့်–ဒေါ်စန်းစန်းနိုင်မိသားစုကန်ကျေးရွာ၊ ဦးအောင်မြင့်–ဒေါ်စန်းစန်းဝင်းမိသားစု ရန်ကုန်မြို့၊ ဦးညိုဝင်းထွဋ်–ဒေါ်ဇင် မင်းပိုက်မိသားစု ဦးနတ်ကျား(ဂျိုးကြာ လျှပ်စစ်)မိသားစု ဖျာပုံမြို့၊ ဦးနိုင်ဝင်း–ဒေါ်သင်းသင်းနုမိသားစု ဖျာပုံမြို့က အလှူငွေများကိုလည်းကောင်း၊ ဦးကျော်မြင့်–ဒေါ်ရင်နွဲ့(မင်းကျော်ဦး အလုပ်ရုံ မြစ်တန်း)မိသားစု ဖျာပုံမြို့က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ပုဆိုးအထည်၁၀၀၊ အင်္ကျီအထည်၁၀၀ စုစုပေါင်းငွေကျပ် ၁၃သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၀ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဒုံးခိုက်ကျေးရွာ အမက၏ ၂၀၀၇–၂၀၀၈ပညာသင်နှစ် စုံညီပွဲတော်နှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်အေးက သုံးနှစ်ဆက်တိုက် ဘက်စုံထူးချွန်ဆုရ မယုယခင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သော အမှတ် (၃) ရပ်ကွက် မိဋ္ဌာန်အောင် ဘုရားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာ ထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းကိုလက်ထောက် အင်ဂျင်နီယာဦးငွေစိုးနှင့် အမှတ် (၃) ရပ်ကွက် ဥက္ကဋ္ဌ

ဦးရွှေတင်တို့က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ■ တည်ငြိမ်မှုကို လိုလားသည်
- ■ အေးချမ်းမှုကို လိုလားသည်
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများအပ်နှံ စက်မောင်းဆီသုံးစွဲမှုသက်သာပြီး တောင်ပေါ်လမ်းပိုင်းများပါ အသုံးပြုနိုင်

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၉

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော စက်ခေါင်းများအပ်နှံသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံဥပစာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ အထွေထွေမန်နေဂျာများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အိန္ဒိယရထားဝန်ကြီးဌာန လက်အောက်ခံ RITES Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လုံးချောနဲ့ ရွှေဆိုင်းတို့ အပြတ်မထိုးနိုင်ဘဲ သရေပွဲဖြစ်ခဲ့သည့် စူပါကွေကာမြန်မာပြည်ချန်ပီယံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)နှင့် တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ စူပါကွေကာ မြန်မာပြည်ချန်ပီယံလက်ဝှေ့စိန်ခေါ်ပွဲကြီးရဲ့ အသည်းကောင်းလို့ပွဲတောင်းသူများပွဲစဉ်(၂) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ထိုးသတ်ပွဲကို ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏမှာ မတ် ၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပတဲ့အခါ လက်ဝှေ့ဝါသနာရှင်တွေ ရုံပြည့်လာရောက်အားပေးခဲ့ကြပါတယ်။

ဒီနေ့လက်ဝှေ့ပွဲ ၁၀ ပွဲ ထိုးသတ်မယ့် လက်ဝှေ့သမားတွေဟာ ပရိသတ်အကြိုက် ပွဲတွေချည်းဖြစ်လို့ ပရိသတ်တွေ လာရောက်အားပေးမှုများတာလည်း ဖြစ်ပါတယ်။ ဒီနေ့ပြိုင်ပွဲရဲ့ပထမဆုံးလက်ဝှေ့ပွဲကတော့ ကျော်ခေါက်(ဒေါင်းမြန်မာ)နဲ့ ပအို့လေး(အလင်းရောင်)ပွဲပါပဲ။

စာမျက်နှာ ၈ ကော်လံ ၁ ✳

မြန်မာပြည်ချန်ပီယံ စိန်ခေါ်ပွဲကြီး အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်(၂) လက်ဝှေ့ယှဉ်ပြိုင်ပွဲကို လက်ဝှေ့ဝါသနာအိုးများ ဤသို့အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)